ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (28-7-2010)(၆၄၇၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ ကျိုင်းတုံခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ကျိုင်းတုံခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ကျိုင်းတုံခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက် မွန်းတည့် ၁၂နာရီတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

အပေါင်းလက္ခဏာဆောင်သော
အာရောဂျံစစ်တမ်း

သတင်းဆောင်းပါး - ဇော်ဝင်း(ကြေးမုံ)➢ဓာတ်ပုံ - ကြေးမုံ

အဆင်အပြင် - နိုင်လင်းကြည်

မှတ်မိပါသေးသည်။ မိမိ ခုနစ်နှစ်သားအရွယ်က အပြင်းဖျားခဲ့ဖူးသည်။ ရိုးအေးလှသောမိခင်က ဆေးရုံ၊ ဆေးခန်းသို့ အသွားအလာမရှိသလောက်ဖြစ်၍ မိခင်ထက် အနည်းငယ်ပိုမိုလည်ဝယ်သော မိမိအဘွားက ရွာကလေးနှင့် အတန်ငယ်ဝေးသည့် မြို့ငယ်လေးမှ ဆေးခန်းသို့ မိမိကို ခေါ်သွားခဲ့သည်။ ဆရာဝန်၏ ကုသမှုကို ပထမဆုံးအကြိမ် ခံယူခဲ့ရသည်။ "ဒေါက်တာရယ်"ဟု အစချီကာ မြေးငယ်၏ ကျန်းမာရေးအတွက် ဆရာဝန်ကြီးကို အားကိုးတကြီး ချဉ်းကပ်ပြောဆိုနေသည့် အဘွား၏ အသံတုန်တုန်လေးကို ယနေ့တိုင် **စာမျက်နှာ ၈ ကော်လံ ၁ သို့❑**

ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ ပေးလျက်ရှိသော နေပြည်တော် ပြည်သူ့ဆေးရုံကြီးကို ဝေဟင်မှ တွေ့ရစဉ်။

ကြေးမုံ The Mirror

၂၈-၇-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

လယ်ယာသုံးစက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်သုံးစွဲ

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုကဏ္ဍဖွံ့ဖြိုးလာခြင်းသည် အရေးပါသည်။ စက်မှုနိုင်ငံအဖြစ် ပြောင်းလဲနိုင်ရန် အခြေခံကောင်းများကို ထူထောင်တည်ဆောက်နေသည်။ စက်ရုံ၊ အလုပ်ရုံ အသစ်များ ထူထောင်နိုင်မှုနှင့်အတူ သွင်းကုန်အစားထိုး စက်ရုံအများအပြားကို တွေ့မြင်နေရပေပြီ။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အားထားရသည့် နိုင်ငံဖြစ်ရာ လယ်ယာကဏ္ဍ သီးနှံထုတ်လုပ်မှုမြင့်မားရေးကို အားပေးလျက်ရှိသည်။ စပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးတွင် မျိုးစပါးသည် အဓိကကျသဖြင့် အထွက်နှုန်းကောင်း မျိုးစပါးများ ဖြန့်ဝေပေးနေသည်။ ထို့အပြင် စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တွဲဖက်သုံးစွဲရေး၊ လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်သုံးစွဲရေးတို့ကိုလည်း စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာသုံးစက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်လည်းသက်သာ၊ သီးနှံလေလွင့်မှုနည်းပါးပြီး လုပ်ငန်းတွင်ကျယ်ထိရောက်မှုရှိသည်။ စပါးရိတ်သိမ်း ခြွေလှေ့စက်ကို အသုံးပြုခြင်းသည် သမားရိုးကျရိတ်သိမ်းခြင်းထက် အလေအလွင့်နည်းပါးသည်။ စက်၏စွမ်းဆောင်ရည်ကြောင့် လယ်တစ်ဧကရှိ စပါးများကို နာရီပိုင်းအတွင်း ရိတ်သိမ်းခြွေလှေ့နိုင်သည်။

တောင်သူလယ်သမားများအတွက် လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်ရန် စက်ရုံများရှိနေပြီ။ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းကုန်း၊ ရန်ကုန်တိုင်း ရွာသာကြီး၊ ဇမိုင်နှင့် ကျိုက္ကလို့တို့တွင် ထူထောင်ထားရှိသည်။ အဆိုပါစက်ရုံများမှ လယ်ယာ(၁၆)လက်တွန်းထွန်စက်၊ လယ်ယာ(၂၂)လက်တွန်းထွန်စက်၊ တောင်ပေါ်သုံးလက်တွန်းထွန်စက်၊ စပါးရိတ်စက်၊ ၂၂ သွား ခေါ်စက်ထွန်၊ တမန်းမွှေစက်နှင့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ပေးလျက်ရှိသည်။

နိုင်ငံတော်အပိုင်းက စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို အခါမလပ်ဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့် အရည်အသွေးကောင်း အထွက်တိုးသီးနှံမျိုးများ စိုက်ပျိုးခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုခြင်းတို့ဖြင့် သီးနှံအထွက်တိုးရေး ကြိုးပမ်းကြရပေမည်။ လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာများ အသုံးပြုခြင်း၊ မိုးသီးနှံများ စောစောရိတ်သိမ်းပြီးချိန်တွင် သီးထပ်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ခြင်းတို့ဖြင့် အကျိုးဖြစ်ထွန်းကြပေမည်။

နိုင်ငံတော်အစိုးရက ငွေကြေးနှင့် လုပ်အားလိုအပ်ချက်များကို ရင်းနှီးမြှုပ်နှံ၍ လယ်ယာသုံး စက်ကိရိယာစက်ရုံများကို ထူထောင်ထားရှိပြီ။ သက်ဆိုင်ရာ စက်ရုံအလုပ်ရုံအလိုက် လုပ်ငန်းခွင်သုံးစက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ခြင်း၊ လယ်ယာစိုက်ပျိုးရေး သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပေါင်းစပ်လုပ်ကိုင်ကြခြင်းတို့ဖြင့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

ခရမ်းမြို့နယ် ဆန်စပါးလုပ်ငန်းအသင်း ဖွဲ့စည်း

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဆန်စပါးလုပ်ငန်းအသင်း ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၉နာရီတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ပြဟ္မစိုရ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးဌေးဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်အသင်း ဗဟိုမှ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးတင်ဝင်း၊ ဦးအောင်သန်းဦး၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးသူရအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကုန်သွယ်/လယ်ယာမှ သန်လျင်လက်ထောက် တိုင်းမန်နေဂျာ ဦးစိုးတင့်နှင့် ခရမ်းမြို့နယ် ဆန်စက်ပိုင်ရှင်များ၊ ဆန်စပါးကုန်သည်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးဌေးဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းဗဟိုမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဖွဲ့စည်းရေးရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)** ခရမ်းမြို့နယ် ဆန်စပါးလုပ်ငန်းအသင်းတွင် ဦးနိုင်လင်း(ဥက္ကဋ္ဌ)၊ ဦးသန်းထွန်း (ဒုတိယဥက္ကဋ္ဌ)၊ ဦးဌေးလွင် (ဒုတိယဥက္ကဋ္ဌ)၊ ဦးအောင်ကျော်မင်း (အတွင်းရေးမှူး)၊ ဦးအောင်လွင် (တွဲဖက်အတွင်းရေးမှူး)၊ ဦးအောင်ကျော်မြင့် (ဘဏ္ဍာရေးမှူး)၊ ဦးကျော်ထက်လင်း(စာရင်းစစ်)နှင့် အလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးခင်ဝင်း၊ ဦးတင်အေး၊ ဦးအုန်းကြိုင်၊ ဦးလှမိုး၊ ဦးစန်းလွင်၊ ဦးစိုင်းမြတ်သူ၊ ဦးအောင်ဆန်းဝင်း၊ ဦးဇော်မင်းတို့ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့်သင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ (၂)(မြို့ပြ) (မွမ်းမံ) သင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့် (၄) (မွမ်းမံ)သင်တန်းများ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(ဆောက်လုပ်ရေး)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သင်တန်းများဖွင့်ပွဲအခမ်းအနား ကျင်းပ
ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပသည့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့်သင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) (မွမ်းမံ) သင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၄) (မွမ်းမံ) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ၊ ဆရာမများ တက်ရောက်ကြပြီး လက်ထောက် အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့် သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး၊ အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) (မွမ်းမံ)သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၆ ဦးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှု အဆင့်(၄)(မွမ်းမံ) သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၈ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၈၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ‌ပါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းတည်ထောင်ခြင်း ပညာပေးဟောပြောသရုပ်ပြပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန အင်းစိန်မြို့နယ်အတွင်းရှိ လိန်ကုန်းကျေးရွာ အမက၅ ဇူလိုင် ၂၀ ရက်တွင် ကျေးလက်အိမ်ရာစိုက်ခင်း တည်ထောင်ခြင်းနှင့် ယူကလစ်အိမ်ရာတည်ဆောက်နိုင်ရေး ပညာပေးဟောပြောပွဲကျင်းပရာ တစ်အိမ်ထောင် ယူကလစ်သစ်မာ အပင် ၂၀၊ ယူကလစ်စိုက်ခင်းတစ်ဧက စိုက်ပျိုးရှင်သန် ဖြစ်ထွန်းမှုကိုအခြေခံ၍ တောအုပ်ကြီး ဦးတင်အုန်းက ဟောပြောဆွေးနွေးကာ **(အောက်ပုံ)** သစ်ပင်များ စနစ်တကျ စိုက်ပျိုးတည်ထောင်နိုင်ရန် သရုပ်ပြဆွေးနွေးခဲ့သည်။ ၎င်းကျေးရွာတွင် ၂၀၀၉-၂၀၁၀ ခုနှစ်က တစ်အိမ်ထောင် ကျွန်းသုံးပင် စုစုပေါင်း အပင် ၈၇၀၊ တစ်အိမ်ထောင် သစ်မာအပင် ၂၀၊ ယူကလစ် ၃၂၄၀ နှင့် ယူကလစ် တစ်ဧကအပင် ၅၄၀ စိုက်ပျိုးခဲ့သည်။

(ကြေးမုံ)

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၂၇

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ဈေးကြီးလမ်းဘေး ဝဲ၊ယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၁၅ ရက်က တူးဖော်ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်နှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၅ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိပိဋကတ် ပင်လယ်ပြင်ကို စတင်ကူးခတ်ခြင်း
၇း၃၀ ၄။ ဓမ္မပူဇာတေး
၇း၃၅ ၅။ မျိုးချစ်တပ်မတော်
၇း၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ Mail Box
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၃၃)
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၃၃)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ -အသံအကျိုးဆောင် (သူရလင်း၊ပေါ်လေး၊ ဗေဒါ၊ ရေချမ်း၊ စိုပြေ၊ မိုးဖြူ၊ ရန်နိုင်၊ မိုးပွင့်၊ မျိုးစန္ဒီကျော်၊ ရီရီပွင့်ဖြူ၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကမ္ဘာ့ည်းတွင်မယ့် ချင်သူ့ရဲကောင်း (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

☆ **ရွှေ့ဖုံးမှ**

ဆက်လက်၍ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးစိုးပိုင်မြင့်နှင့် ကျိုင်းတုံခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းရီတို့က ကော်မရှင်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက ကော်မရှင်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းဆွေးနွေး၍ နိဂုံးချုပ် အမှာစကား ပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဦးသာဌေးနှင့် ဒေါက်တာစိုင်းခမ်းလှိုင်တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၇

၂၀၁၀ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန် ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် "အစဉ်လေ့လာ သင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်း ပေါ်ထွန်းလာရေး" ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ ထက်မနည်း ၄၀၀၀ ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေး ကြိုက်နှစ်သက်ရာဖြင့် A4 အရွယ်အစား စာမျက်နှာ တစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြ၍ စာမူနှစ်စောင်(မူရင်းနှင့် မိတ္တူ)၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (၁ လက်မခွဲ × ၂ လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်ပြီး ဦးခင်မောင်လူ ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ရုံးအမှတ်(၅၂) နေပြည်တော်သို့ ဩဂုတ် ၂၀ ရက်(သောကြာနေ့) နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၆၄ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီးများနှင့် ယဉ်ကျေးမှုအနုပညာဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူး ကျင်းပသော 'အမျိုးသမီးများနှင့် ယဉ်ကျေးမှုအနုပညာ' ဟောပြောပွဲကို ဇူလိုင် ၂၁ ရက်တွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ပညာရေးကောလိပ်၌ ကျင်းပရာ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ဝေဝေသင်းက အမှာစကား ပြောကြားပြီး စာပေဗိမာန်စာမူဆုရ စာရေးဆရာမ ရွှေကူဒေါ်နန်းနွဲ့နွဲ့က ခေတ်အဆက်ဆက် အမျိုးသမီးများ၏ လူမှုရေးရာအဖြာဖြာကို ဟောပြော၍ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် များဖြစ်ကြသော အဆိုတော် ဒေါ်တင်တင်မြ၊ ဒေါ်ထားနှင့် ဒေါ်ရီရီသန့်တို့က သီဆိုသရုပ်ပြ တင်ဆက်ကြကာ သင်္ဃန်းကျွန်း ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝေမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခွဲ၊ ပညာရေးလုပ်ငန်း အဖွဲ့ခွဲနှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲတို့မှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သင်္ဃန်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်္ဃန်းကျွန်း ပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သီဆိုသရုပ်ပြ

အမျိုးသမီးများနှင့် ယဉ်ကျေးမှုအနုပညာဟောပြောပွဲတွင် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော အဆိုတော် ဒေါ်တင်တင်မြ၊ ဒေါ်ထားနှင့် ဒေါ်ရီရီသန့်တို့က သီဆိုသရုပ်ပြ တင်ဆက်ကြစဉ်။

(အမျိုးသမီးရေးရာ)

Fuji Xerox ပစ္စည်းများ အရောင်းမြှင့်တင်ခြင်း ပြုလုပ်မည်

နေပြည်တော် ဇူလိုင် ၂၇

Concordia Int'l Co., Ltd. မှ Fuji Xerox အမှတ်တံဆိပ် ကာလာလေဆာပရင်တာများ၊ ဘက်စုံသုံး Copier များ၊ Toner Cartridge များ အရောင်းမြှင့်တင်ခြင်း အစီအစဉ်ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့ကြီးများရှိ Concordia Show Room များ၌ ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၂ ရက်တိုင်တိုင် ကျင်းပရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ အရောင်းမြှင့်တင်ပွဲတွင် Concordia Co., Ltd. က Fuji Xerox ပရင်တာ အသုံးပြုနေသော Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ကာလာလေဆာပရင်တာများ၊ A_4 multifunction ပရင်တာ၊ Mono၊ Color လေဆာပရင်တာများ၏ Docu Print C525 A/2090၊ Docu Print 2428/1618/ DP-203A Drum နှင့် Toner Cartridge များ၊ ၎င်း model များ၏ ဆက်စပ်ပစ္စည်းများကို ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည့်အပြင် မြန်မာတစ်နိုင်ငံလုံးရှိ Computer အရောင်းဆိုင်များ၌ Fuji Xerox ပစ္စည်း ဝယ်ယူသူများကိုလည်း အထူးလျှော့ဈေးဖြင့် တစ်ပြိုင်နက်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း ဝယ်ယူလိုပါက Concordia Int'l Co., Ltd. ရန်ကုန် သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း - ၀၁ - ၇၃၀၀၉၂၂၁၊ ၇၃၀၀၉၂၁၅၊ ၇၃၀၀၉၂၁၆ နှင့် ၀၉-၈၀၃၁၃၇၃၊ မန္တလေး အမှတ်(၅) မြေညီထပ် SY အဆောက်အအုံ လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၀၇၂၊ ၀၂-၉၁၀၀၁၉၈၃ နှင့် ၀၂-၃၆၄၇၈၊ နေပြည်တော် အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉ နှင့် ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာရေးဆရာ မှူးဇော်၏ ၂၀၁၀ ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေး စာအုပ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂၇

ရန်ကုန်တိုင်းမိဂ္ဂျာနယ်တွင် အပတ်စဉ် ဖော်ပြပါရှိခဲ့သော မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်ချက်များကို တစ်စု တစ်ဝေးတည်း စုစည်းထားသည့် စာရေးဆရာမှူးဇော်၏ "၂၀၁၀ ရွေးကောက်ပွဲ အလွန် မြန်မာ့နိုင်ငံရေး" စာအုပ်ကို ပြည့်စုံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်းသိရသည်။ **(ယာပုံ)**

ကိုကို(စက်မှုတက္ကသိုလ်)၏ အမှာစာနှင့်အတူ ၂၀၁၀ အလွန်ကာလကို အာရုံပြုကြရန် အချိန်တန်ပြီ၊ ၂၀၁၀ အလွန် ဂုဏ်သိက္ခာမြင့်မားသော နိုင်ငံတော်သစ်အဖြစ် ရပ်တည်နိုင်ရေး (သို့မဟုတ်) Change, We Must၊ ရွေးကောက်ပွဲနှင့် ပဋိညာဉ်များ၊ ရွေးကောက်ပွဲနှင့် လူထု၏ ရွေးချယ်ခွင့်၊ နိုင်ငံရေးပါတီများ အိုင်ဒီယိုလော်ဂျီ လို/မလို၊ ၂၀၁၀အလွန် လူ့အဖွဲ့အစည်းနှင့် တတိယကဏ္ဍ၊ မြန်မာ့နိုင်ငံရေး Common Ground နှင့် လွှတ်တော် နိုင်ငံရေးမဏ္ဍိုင်၏ ဒိုင်ယာလော့ပါဝါ၊ ၂၀၁၀ အလွန် ပါရာဒိုင်းအသစ်နှင့် ဒိုင်းနမစ်သီအိုရီ၊ စမတ်ပါဝါနိုင်ငံရေးကစားကွက်၊ National Narrative နှင့် Society-Oriented Thinking၊ နိုင်ငံပြုပုဂ္ဂိုလ်ကြီးများနှင့် လွှတ်တော်နိုင်ငံရေး အင်အားချိန်ခွင်လျှာ၊ နိုင်ငံရေးဩဇာ၊ မဲဆန္ဒရှင်အခွင့်အရေးနှင့် ဒီမိုကရေစီမက်လုံး၊ အမျိုးသားရေးဝါဒနှင့် သုံးနားညီတြိဂံ စသည့် နိုင်ငံရေးဆောင်းပါး ၁၃ ပုဒ် စုစည်းထားခြင်းဖြစ်သည်။

ဖော်ထုတ်ရေးသား

၂၀၁၀ အလွန် မြန်မာ့နိုင်ငံရေးနှင့် ဆက်နွှယ်သည့် အတွေးအမြင်များကို ဖော်ထုတ်ရေးသားထားသဖြင့် မကြာမီကာလတွင် ရွေးကောက်ပွဲများ ကျင်းပတော့မည်ဖြစ်ရာ နိုင်ငံရေးကို စိတ်ဝင်စားသူများအတွက် ထူးခြားသောရှုထောင့်အမြင်များကို ရရှိနိုင်စေမည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ "ဓမ္မစကြာ၊ စကြာရတနာ" တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
- ၆:၅၀ သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် "ပြည်ရွှေဆံတော်"
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၀)**
- ၈:၃၀ Sports World
- ၈:၅၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ) (သုတေသီ)]
- ၉:၂၅ ရိုးကြီးကျေးရွာ၏ ပညာအလင်းရောင်
- ၉:၄၅ အားကစားမြင်ကွင်းစုံ
- ၁၀:၄၀ Activities In The City [အမှတ် (၁)စက်မှုဝန်ကြီးဌာန ပစ္စည်းအမယ်သစ်များမိတ်ဆက်ပွဲ]
- ၁၀:၅၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပင်လယ်ရေမျော်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)
- ၁၁:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (မိုးယံဖွန်)
- ၁၁:၅၅ ဧဒင်၏ရေကုထုံး
- ၁၂:၀၅ တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
- ၁၂:၁၅ ဗီဒီယိုပြခန်း
- ၁၂:၃၅ အသည်းကင်ဆာရောဂါဆိုင်ရာ ဆွေးနွေးပွဲ (Mascot Health Care)
- ၁:၀၀ "ဓမ္မစကြာ၊ စကြာရတနာ" တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (အတုလုပ်တာကောင်းတယ်၊ အတုမလုပ်တာကောင်းတယ်)
- ၃:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၀)**
- ၄:၁၅ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ "တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း" (အပိုင်း-၂)
- ၄:၄၀ လှေကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊ အရိုင်း၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၄:၅၀ Activities In The City -[အမှတ် (၁)စက်မှုဝန်ကြီးဌာန ပစ္စည်းအမယ်သစ်များမိတ်ဆက်ပွဲ]
- ၅:၁၀ ရိုးကြီးကျေးရွာ၏ ပညာအလင်းရောင်
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ(မိုးယံဖွန်)
- ၆:၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
- ၇:၁၀ ASEAN Journalists
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (အတုလုပ်တာကောင်းတယ်၊ အတုမလုပ်တာကောင်းတယ်)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၀)**
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ ဗီဒီယိုပြခန်း
- ၁၀:၄၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
- ၁၁:၀၀ ASEAN Journalists
- ၁၁:၄၅ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ "တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း" (အပိုင်း-၂)
- ၁၂:၀၅ Industrial Talk
- ၁၂:၃၅ သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်း(လှော်ကားဥယျာဉ်)
- ၁၂:၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ် အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ တစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

တိုက်တန်းနစ်သင်္ဘောပျက် စူးစမ်းရေးခရီးစဉ်အသစ် လာမည့်လတွင်စမည် အသေးစိတ်ကျသော သုံးဖက်မြင် မြေပုံတစ်ရပ် ပုံဖော်ရေးဆွဲမည်ဟုဆို

ရစ်ချ်မွန်း ဇူလိုင် ၂၇

အတ္တလန္တိတ်သမုဒ္ဒရာထဲ၌ နစ်မြုပ်ခဲ့ရသော ကမ္ဘာကျော်တိုက်တန်းနစ်သင်္ဘောကြီး၏ တဖြည်းဖြည်းယိုယွင်းလာသော ရေအောက်အခြေအနေကို လေ့လာတိုင်းတာရန် သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က လာမည့်လအတွင်း စူးစမ်းလေ့လာမှုခရီးစဉ်တစ်ရပ်ကို စတင်မည်ဖြစ်ကြောင်း အင်္ဂါနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ သိပ္ပံပညာရှင်အဖွဲ့သည် ရေအောက်နှစ်မိုင်ခွဲခန့်အနက်တွင် တည်ရှိသော တိုက်တန်းနစ်သင်္ဘောပျက်၏ အခြေအနေကို အများသိရှိနိုင်ရန် အသေးစိတ်ကျသော သုံးဖက်မြင် မြေပုံတစ်ခုကို ပုံဖော်ရေးဆွဲကြမည်ဖြစ်သည်။

လွန်ခဲ့သည့် ၂၅ နှစ်ခန့်က တိုက်တန်းနစ်သင်္ဘောကြီးကို ပြန်လည်တွေ့ရှိချိန်မှစ၍ ပြုလုပ်ခဲ့ကြသော စူးစမ်းလေ့လာရေးခရီးစဉ်များအနက် ယခုခရီးစဉ်သည် ခေတ်အမီဆုံး သိပ္ပံနည်းကျ လေ့လာရေးခရီးစဉ် ဖြစ်ကြောင်းသိရသည်။

တိုက်တန်းနစ်သင်္ဘောပျက်ကို ဆယ်ယူခွင့်ရရှိထားသော အာရ်အမ်အက်စ် တိုက်တန်းနစ်ကုမ္ပဏီနှင့် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်မှ သမုဒ္ဒရာဗေဒသိပ္ပံတို့၏ ပူးတွဲကမကထပြုမှုဖြင့် စီစဉ်ခဲ့သော ရက်ပေါင်း ၂၀ ကြာမြင့်မည့် လေ့လာစူးစမ်းရေးခရီးစဉ်ကို ဩဂုတ် ၁၈ ရက်တွင် စတင်မည်ဖြစ်သည်။

တိုက်တန်းနစ်သင်္ဘောသည် ယင်း၏ ပထမဆုံးခရီးစဉ်အဖြစ် အင်္ဂလန်နိုင်ငံ ဆောက်သင်တမ်မြို့မှ ၁၉၁၂ ခုနှစ် ဧပြီ ၁၀ ရက်တွင်ထွက်ခွာ၍ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ခုတ်မောင်းနေစဉ် ရေခဲမျောတစ်ခုနှင့်တိုက်မိ၍ နစ်မြုပ်ခဲ့သည်။

အင်တာနက်။

၁၉၁၂ ခုနှစ် ဧပြီ ၁၀ရက်တွင် အင်္ဂလန်နိုင်ငံ ဆောက်သင်တမ် ဆိပ်ကမ်းမှ ထွက်ခွာလာသော တိုက်တန်းနစ်သင်္ဘောကြီးကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂ ကူညီထောက်ပံ့ရေးနှင့် အလုပ်အကိုင် အေဂျင်စီအဖွဲ့က ဝေငှသော စားနပ်ရိက္ခာအကူအညီများကို သယ်ဆောင်လာသည့် ပါလက်စတိုင်းတစ်ဦးအား ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂါဇာဒေသသည် အကျဉ်းစခန်းတစ်ခုနှင့် တူကြောင်း ဗြိတိန်ဝန်ကြီးချုပ်ပြောကြား

ဂါဇာစီးတီး ဇူလိုင် ၂၇

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်သည် ဂါဇာဒေသပိတ်ဆို့မှုများကို အဆုံးသတ်ရန် အစ္စရေးနိုင်ငံကို အင်္ဂါနေ့က တိုက်တွန်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

တူရကီနိုင်ငံ အင်ကာရာမြို့သို့ ရောက်ရှိနေသော ဗြိတိန်ဝန်ကြီးချုပ်က ဂါဇာကမ်းမြောင်ဒေသသည် ဝင်ရန်လည်းခက်၊ ထွက်ရန်လည်းခက်သည့် အကျဉ်းစခန်းတစ်ခုနှင့်တူကြောင်း ဝေဖန်ပြောကြားခဲ့သည်။

သို့ရာတွင် ဂါဇာအခြေစိုက် စစ်သွေးကြွများကို အစ္စရေးတောင်ပိုင်းဒေသအား ဒုံးကျည်များဖြင့် ပစ်ခတ်နေမှုနှင့် ပတ်သက်၍ အစ္စရေး၏ စိုးရိမ်ပူပန်မှုကို နားလည်သိရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်း အကြား တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်ခြင်းသည်သာ ဂါဇာပြဿနာကို ဖြေရှင်းနိုင်မည့် နည်းလမ်းဖြစ်သည်ဟု ဗြိတိန်နိုင်ငံနှင့် တူရကီနိုင်ငံတို့က ရှုမြင်နားလည်ထားကြောင်း ဒေးဗစ်ကင်မရွန်က ဆိုသည်။ ယင်းအပြင် ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုပြဿနာကြောင့် တင်းမာခဲ့ရသော အစ္စရေးနှင့် တူရကီတို့အကြား ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် ၎င်းက တူရကီဝန်ကြီးချုပ်အား တိုက်တွန်းသည်။ ***အင်တာနက်။***

ပါကစ္စတန်နိုင်ငံ ပြည်နယ်ဝန်ကြီးတစ်ဦး၏ နေအိမ်အပြင်၌ အသေခံပုံးခွဲတိုက်ခိုက်

အစ္စလာမ္မာဘတ် ဇူလိုင် ၂၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ပြည်နယ်ဆိုင်ရာ ဝန်ကြီးတစ်ဦး၏ နေအိမ်အပြင်ဘက်၌ ဇူလိုင် ၂၆ ရက်က အသေခံဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးအပါအဝင် ခုနစ်ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် ပက်ရှ်ဝါမြို့အနီး ပတ်ဘီဒေသရှိ ခိုင်ဘာပွတ်ရှ်တွန်ဝါပြည်နယ်၏ ပြန်ကြားရေးဝန်ကြီး မီယန်အစ်ဖ်တီခါဟူစိန်၏ နေအိမ်အနီးဖြစ်ပွားခဲ့သည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ယင်းနေရာ၌ ပြည်နယ်ဆိုင်ရာဝန်ကြီးမရှိသဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အင်အားပြင်းထန်သောပေါက်ကွဲမှုကြောင့် အနီးရှိ ဈေးဆိုင်သုံးဆိုင် လုံးဝပျက်စီးခဲ့သည်။ အခင်းဖြစ်ပွားသည့်နေရာအား ရဲတပ်ဖွဲ့ဝင်များ ဝိုင်းရံပိတ်ဆို့ထားပြီး ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူများကို အနီးဆုံး ဆေးရုံများသို့ ပေးပို့ခဲ့သည်။

စနေနေ့ညပိုင်းကလည်း ပက်ရှ်ဝါမြို့အရှေ့ဘက်ရှိ နောင်ရှီရာမြို့အနီးတွင် တာလီဘန်များ၏လုပ်ကြံမှုကြောင့် ၎င်းဝန်ကြီး၏ သားဖြစ်သူသေဆုံးခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်လေဆိပ်များ၌ အလိုအလျောက် လေကြောင်းထိန်းချုပ်မှုစနစ် အသုံးပြုမည်

မဒရစ် ဇူလိုင် ၂၇

စပိန်နိုင်ငံ လာယိုမီရာလေဆိပ်၌ လာမည့်ကြာသပတေးနေ့မှစ၍ လေယာဉ်ဆင်းသက်မှုကို လမ်းညွှန်ထိန်းကျောင်းရန် အလိုအလျောက် လေကြောင်းထိန်းချုပ်မှုစနစ်ကို ပထမဆုံးအကြိမ်အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ လေဆိပ်လေယာဉ်ဆင်းသက်မှုဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှု (အေအက်ဖ်အိုင်အက်စ်) စနစ်သည် လေယာဉ်ကို လေကြောင်းထိန်းသိမ်းရေးဝန်ထမ်းများက လမ်းညွှန်ဆင်းသက်စေသည့်နည်းတူ လုံခြုံစိတ်ချရပြီး တစ်နှစ်လျှင် ကုန်ကျစရိတ် ယူရိုငွေ ၆၀၀၀၀ သက်သာစေမည်ဖြစ်သည်။

ကနေရီကျွန်းမှ မိနစ် ၄၀ ကြာ ခရီးစဉ်ကို ပျံသန်းလာမည့် ဘင်တာကနေရီယားစ်လေကြောင်းလိုင်းပိုင် အေတီအာရ်-၇၂-၅၀၀ သည် ယင်းစနစ်ကို အသုံးပြု၍ လာယိုမီရာလေဆိပ်တွင် ဆင်းသက်မည့် ပထမဆုံးလေယာဉ်ဖြစ်လာမည်ဖြစ်သည်။

လာယိုမီရာလေဆိပ်၌ လေကြောင်းလမ်းညွှန်ထိန်းသိမ်းရေးဝန်ထမ်းငါးဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး ၎င်းတို့၏နေရာတွင် အေအက်ဖ်အိုင်အက်စ်စနစ်ကို အစားထိုးအသုံးပြုမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်တွင် ပျောက်ဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအနက် တစ်ဦး၏ရုပ်အလောင်း ပြန်လည်ရှာဖွေတွေ့ရှိ

ကဘူး ဇူလိုင် ၂၇

အာဖဂန်နစ္စတန်တွင် ပြီးခဲ့သည့်ရက်သတ္တပတ်က ပျောက်ဆုံးသွားသောအမေရိကန်ရေတပ်တပ်ဖွဲ့ဝင် နှစ်ဦးအနက် တစ်ဦး၏ရုပ်အလောင်းကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း နေတိုးတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းပျောက်ဆုံးခဲ့သော တပ်ဖွဲ့ဝင်၏ ရုပ်အလောင်းကို အာဖဂန်နှင့် နေတိုးတပ်ဖွဲ့များက တနင်္ဂနွေနေ့တွင် လိုဂါပြည်နယ် အရှေ့ပိုင်း၌ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် တွေ့ရှိခဲ့သောနေရာအတိအကျနှင့်မည်သို့မည်ပုံတွေ့ရှိခဲ့သည်ကို အသေးစိတ်ထုတ်ပြန်ခြင်းမရှိပေ။

ပျောက်ဆုံးနေဆဲဖြစ်သော ဒုတိယမြောက်တပ်ဖွဲ့ဝင်ကိုလည်း လိုဂါပြည်နယ်အတွင်း ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း နေတိုးတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အင်တာနက်။

ဝန်ဆောင်နိုင်မှုစွမ်းအား အလွန်မြင့်မားသော ဒုံးပျံအင်ဂျင်များထုတ်လုပ်ရန် တရုတ်သုံးသပ်နေ

ပေကျင်း ဇူလိုင် ၂၇

တရုတ်အင်ဂျင်နီယာများသည် နောင်လာမည့် အာကာသဒုံးယာဉ်မျိုးဆက်သစ်များ၌ စွမ်းအားအလွန်မြင့်မားသော ဒုံးပျံအင်ဂျင်စက် အသစ်တစ်မျိုးကို တပ်ဆင်ရန် လေ့လာသုံးသပ်မှုများပြုလုပ်လျက်ရှိကြောင်း ဇူလိုင် ၂၇ ရက် သတင်းများတွင် ဖော်ပြသည်။

တရုတ်ဒုံးပျံလွှတ်တင်မှု နည်းပညာဆိုင်ရာ အကယ်ဒမီ တာဝန်ရှိသူတစ်ဦး၏ အဆိုအရ တရုတ်ဒုံးပျံအင်ဂျင်နီယာများသည် အလေးချိန်တန် ၆၀၀ ရှိ ဒုံးယာဉ်ကို အာကာသထဲသို့ ပို့ဆောင်ပေးနိုင်မည့် စွမ်းအားမြင့် ဒုံးအင်ဂျင်စက်နှင့်ပတ်သက်၍ လေ့လာသုံးသပ်နေဆဲ ဖြစ်ကြောင်း သိရသည်။

ယင်းသို့သော ဒုံးအင်ဂျင်စက်မျိုးကို ထုတ်လုပ်အသုံးပြုနိုင်ပါက တရုတ်နိုင်ငံ၏ အာကာသ စက်မှုလုပ်ငန်းတွင် အောင်မြင်မှု မှတ်တိုင်တစ်ရပ်စိုက်ထူနိုင်ပြီဖြစ်သည်။

အသုံးတည့်မည်

တန် ၆၀၀ ဝန်ဆောင်နိုင်သော ဒုံးပျံအင်ဂျင်စက်တပ်ဆင်ထားသည့် ဒုံးပျံများသည် လပေါ်သို့လူသားစေလွှတ်ခြင်းကဲ့သို့သော အာကာသအစီအစဉ်များအတွက် အသုံးတည့်မည်ဖြစ်ကြောင်း တရုတ်ဒုံးပျံလွှတ်တင်မှု နည်းပညာဆိုင်ရာ အကယ်ဒမီ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မျှော်လင့်ထား

လက်ရှိတွင် တရုတ်နိုင်ငံသည် တန် ၁၂၀ ဝန်ဆောင်နိုင်သော ဒုံးအင်ဂျင်တပ်ဆင်မည်ဖြစ်သည့် လောင်းမတ်ချ် -၅ ဒုံးပျံ တည်ဆောက်ရေးလုပ်ငန်းကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ တရုတ်နိုင်ငံ၏ စွမ်းအားအမြင့်ဆုံးနှင့် ခေတ်အမီဆုံးဖြစ်သော ယင်းဒုံးပျံကို ၂၀၁၄ ခုနှစ်တွင် စမ်းသပ်ပစ်လွှတ်ရန် တရုတ်နိုင်ငံက မျှော်လင့်ထားသည်။

အင်တာနက်။

ကမ္ဘာလှည့်ခရီးသည်များ ဗီဇာကြေးကင်းလွတ်ခွင့် နီပေါအစိုးရ အတည်ပြုရန် သုံးသပ်လျက်ရှိ

ခတ္တမန္ဒူ ဇူလိုင် ၂၇

နီပေါနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်များ ဗီဇာကြေးပေးသွင်းစရာမလိုကြောင်း နီပေါခရီးသွားလုပ်ငန်းနှင့် ပြည်တွင်းလေကြောင်းဝန်ကြီးဌာန (အမ်အိုတီစီအေ)၏ အဆိုပြုတင်ပြချက်ကို အစိုးရက သဘောတူအတည်ပြုခဲ့ပါက နီပေါနိုင်ငံသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသည်များ ဗီဇာကြေးပေးဆောင်ရန်လိုအပ်လိမ့်မည်မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

၂၀၁၁ နီပေါခရီးသွားနှစ်လုပ်ငန်း အစီအစဉ်များအောင်မြင်ရေးနှင့် နိုင်ငံသို့ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်နိုင်ရန် ဆွဲဆောင်နိုင်ရေးအတွက်အမ်အိုတီစီအေ၏အစီရင်ခံစာတွင် ကမ္ဘာလှည့်ခရီးသည်များကို ဗီဇာကြေးကင်းလွတ်ခွင့်ပေးရန် နီပေါအစိုးရအား အဆိုပြုထားသည်။

နီပေါနိုင်ငံသို့ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်တစ်သန်းကျော်လာရောက်မည်ဟု မျှော်မှန်းထားသည်။ ၂၀၀၉ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ငါးသိန်းကျော်လာရောက်ခဲ့သည်။

နီပေါနိုင်ငံသို့ လာရောက်လည်ပတ်သောကမ္ဘာလှည့်ခရီးသည်များသည်၁၅ရက်တာ ဗီဇာကြေး အမေရိကန် ဒေါ်လာ ၂၅ ဒေါ်လာနှင့် တစ်လအတွက် ဒေါ်လာ ၄၀ ပေးသွင်းရမည်ဖြစ်သည်။ သို့သော် တောင်အာရှနိုင်ငံများမှ လာရောက်သောဧည့်သည်များကို ဗီဇာကြေးကင်းလွတ်ခွင့်ပြုထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆော်ဒီအာရေဗျနိုင်ငံ ရီးယက်ဒ်မြို့လေဆိပ်သို့ဆင်းသက်ရန် ကြိုးစားစဉ်ပျက်ကျ၍ နှစ်ပိုင်း ကျိုးခဲ့သော ဂျာမန် လုပ်ဖ်သန်ဆာ လေကြောင်းလိုင်းပိုင် လေယာဉ်ကို ဇူလိုင် ၂၇ရက်ကတွေ့ရစဉ်။[ယင်းမတော်တဆမှုတွင် လူအသေအပျောက်မရှိပေ။] (ဓာတ်ပုံ-အင်တာနက်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် လည်ငေါက်-ချင်ပြစ်လမ်း ဖွင့်ပွဲအခမ်းအနားနှင့် လမ်း၊ တံတားလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၄ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာ၌ကျင်းပသော လည်ငေါက်-ချင်ပြစ် ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က လည်ငေါက်-ချင်ပြစ်ကျေးရွာ ချင်းဆက် ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းဖွင့်ပွဲအထိမ်းအမှတ် မှန်ဘီးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး လည်ငေါက်-ချင်ပြစ်ကျောက်ချောလမ်းကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာသို့ ရောက်ရှိကြပြီး လည်ငေါက်-ချင်ပြစ်ကျေးရွာ ချင်းဆက်လမ်း(ပုလဲမြို့နယ်အပိုင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတို့က အဆိုပါလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းဖွင့်ပွဲ မှန်ဘီးအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် လမ်းကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးသည် ပုလဲမြို့နယ် ပုထိုးသာကျေးရွာ ယာယီမဏ္ဍပ်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာအစည်းအဝေးခန်းမ၌ကျင်းပသော လမ်း၊ တံတားလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီးက B.O.T စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက စီမံကိန်းလျာထားချက်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက နိဂုံးချုပ်မှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် မြို့တွင်း ရေစီးရေလာကောင်းမွန်စေရန် ရတနာဦးကျောင်းလမ်း၌ ပေ ၄၀၀ အရှည်ရှိသော အုတ်ရေမြောင်းဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းမင်းစိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် နှစ် ၅၀၀ ပြည့်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

ပဲခူးတိုင်း ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ဇူလိုင် ၂၄ရက်နှင့် ၂၅ရက်တို့တွင် တောင်ငူမြို့ တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့၊ မြန်မာသမိုင်းကော်မရှင်နှင့် မြန်မာစာအဖွဲ့တို့မှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ သုတေသီများ တက်ရောက်ကြသည်။

သုတေသနစာတမ်းဖတ်ပွဲကို ဇူလိုင် ၂၄ရက်တွင် စတင်ကျင်းပရာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သမိုင်းပညာရှင်များနှင့် အခြားဘာသာရပ်ဆိုင်ရာ သုတေသီများက စာတမ်းများ ဖတ်ကြားတင်သွင်းကြသည်။

သုတေသနစာတမ်းဖတ်ပွဲ ဒုတိယနေ့ အစီအစဉ်များကို ဇူလိုင် ၂၅ရက်တွင်ကျင်းပရာ ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ (အငြိမ်းစား) ဒေါက်တာကျော်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တက္ကသိုလ်များမှ ဆရာ၊ ဆရာမများက စာတမ်းများ ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက စာတမ်းရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၂၈-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မေတ္တာသုတ်+ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၀) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ(၉)
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (သံလွင်သက်သေ)
၁၂း၄၅	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (ခရမ်းချဉ်သီးပန်ထွေဖျော်နဲ့ ငါးပိကောင်ကြော်)
၅း၁၀	Current Song
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၅း၃၅	အင်္ဂလိပ်စာ သုတပဒေသာ(၁၇)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၀)
၆း၂၀	ကျေးလက်ဇာတ်လမ်း (အားမလျှော့နဲ့ရောက်လုပြီ)
၆း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၇း၁၅	အနုအလှစုံစုံသူ့ဘဝအဖုံဖုံ (မြင့်စိုင်းသားအောင်အောင်)
၇း၄၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၈း၂၀	တေးပဒေသာ
၈း၅၀	ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်လည်းဝင် အဆိပ်ဖြေဆေးတစ်ပင်) လူမှုရေးဦးတည်ချက်
၉း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ဥတုရာသီ တောကိုမှီ၏

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးကြီးများ မီးဘေးလုံခြုံရေးအတွက် မြို့မဈေးကြီးအတွင်း လက်တွေ့မီးငြိမ်းသတ်မှု ဆောင်ရွက်နေခြင်းကို အမှုဆောင်အရာရှိ (လက်ထောက် ညွှန်ကြားရေးမှူး) ဦးလင်းထွန်း ဦးဆောင်၍ မီးသတ်ဦးစီးဌာန၊ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်းဌာနတို့နှင့် ပူးပေါင်းစစ်ဆေးကြီးကြပ်ဆောင်ရွက် စဉ်။

(မြို့နယ်စည်ပင်)

အာဖဂန်စစ်ပွဲဆိုင်ရာ ထိပ်တန်းလျှို့ဝှက်ချက်များ ပြင်ပမီဒီယာများသို့ ပေါက်ကြားခဲ့ အာဖဂန်မြေပေါ်တွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှုများစွာ၏ သက်သေများဖြစ်နိုင်ဖွယ်ရှိ

လန်ဒန် ဇူလိုင် ၂၇

အာဖဂန်စစ်ပွဲနှင့်ပတ်သက်သော အမေရိကန်စစ်ဘက်၏ ထိပ်တန်းလျှို့ဝှက်ချက်ထောင်ပေါင်းများစွာကို သတင်းမီဒီယာများအတွင်း ပေါက်ကြားခဲ့မှုနှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း သိရသည်။

ပေါက်ကြားခဲ့သော လျှို့ဝှက်မှတ်တမ်းများတွင် ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော စစ်ဆင်ရေးများကို အသေးစိတ် မှတ်တမ်းတင်ထားပြီး သတင်းထုတ်ပြန်ခဲ့ခြင်းမရှိသော နေတိုးတပ်ဖွဲ့များကြောင့် အာဖဂန်အရပ်သားများ သေဆုံးမှုများကိုလည်း ဖော်ပြထားသည်။

အမေရိကန်စစ်ဘက်၏ အာဖဂန်စစ်ပွဲဆိုင်ရာ လျှို့ဝှက်ချက်မှတ်တမ်း ၉၀၀၀၀ ကျော်သည် ဝီကီလိခ်ခေါ် သတင်းဝန်ဆောင်မှုဆိုင်ရာအင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြင်ပသို့ ပေါက်ကြားခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ သတင်းစာများတွင် ဖော်ပြခဲ့သည်။ ယခုဖြစ်ပွားခဲ့သော ထိပ်တန်းလျှို့ဝှက်ချက်အဆင့် စာရွက်စာတမ်း မှတ်တမ်း ပြင်ပသို့ပေါက်ကြားမှုသည် အမေရိကန်စစ်ဘက်သမိုင်းတွင် အကြီးမားဆုံးဖြစ်သည်။

စစ်ဘက်ဆိုင်ရာ ထိပ်တန်းလျှို့ဝှက်ချက်များကို လူသိရှင်ကြားဖြစ်အောင် ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်ရှိ မဟာမိတ်တပ်ဖွဲ့များ၏ လုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာကြောင်း အိမ်ဖြူတော်မှ ပြစ်တင်ရှုတ်ချခဲ့သည်။

ပြင်ပသို့ပေါက်ကြားခဲ့သော အမေရိကန် စစ်ဘက်ဆိုင်ရာ ထိပ်တန်းလျှို့ဝှက်ချက်များတွင် နေတိုးတပ်ဖွဲ့များကြောင့် အာဖဂန်အရပ်သား ရာပေါင်းများစွာ သေဆုံးခဲ့မှုများ၊ မဟာမိတ်တပ်ဖွဲ့များကို တာလီဘန်အဖွဲ့၏ တိုက်ခိုက်မှုများ အရှိန်မြင့်လာခြင်း၊ မဟူရာတပ်ဖွဲ့ခေါ် လျှို့ဝှက်အထူးတပ်ဖွဲ့များက တာလီဘန်ခေါင်းဆောင်များကို ရှာဖွေကာ တရားခွင်သို့ တင်ပို့ခြင်းမရှိဘဲ ဖမ်းဆီးသတ်ဖြတ်ခြင်းများ၊ တာလီဘန်များလက်တွင်း၌ မြေပြင်မှ ဝေဟင်ပစ် အပူလိုက်ရှာစနစ်သုံး ဒုံးကျည်များရှိနေကြောင်း အမေရိကန်တို့က ဖုံးကွယ်ထားခြင်းစသော လျှို့ဝှက်မှတ်တမ်းများပါဝင်နေသည်။

ဝီကီလိခ်သတင်းဝန်ဆောင်မှုကွန်ရက်ကို တည်ထောင်ခဲ့သူက ၎င်း၏ ဝက်ဘ်ဆိုက်မှ ပေါက်ကြားခဲ့သော အမေရိကန်စစ်ဘက်၏ စစ်ရေး လျှို့ဝှက်ချက်များသည် အာဖဂန်စစ်ပွဲ၏ အသွင်အပြင်ကို ပြောင်းလဲရန်လိုအပ်ကြောင်း ထောက်ပြနေသည်ဟုဆိုသည်။ ယင်းအပြင် ထိုထိပ်တန်းလျှို့ဝှက်ချက်များသည် အာဖဂန်နစ္စတန်တွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှု ထောင်ပေါင်းများစွာကို ပြဆိုနေကြောင်းလည်း ပြောကြားသည်။

ပေါက်ကြားခဲ့သော အမေရိကန်စစ်ဘက်၏လျှို့ဝှက်ချက် ၉၁၀၀၀ ခန့်သည် အဦးအစ ပမာဏမျှသာဖြစ်ကြောင်း၊ ဝီကီလိခ်ကထပ်မံထုတ်ဖော်မည့် အာဖဂန်စစ်ပွဲဆိုင်ရာ ထိပ်တန်းလျှို့ဝှက်ချက်များ ထောင်ပေါင်းများ စွာရှိနေသေးကြောင်း ဝီကီလိခ်တည်ထောင်သူက တနင်္လာနေ့တွင် ပြောကြားသည်။

နိုင်ငံတကာသတင်းများ

နာဂျက်သဲကန္တာရတွင်းရှိ ဘီဒိုအင်းအာရပ်တို့၏ ကျေးရွာဖျက်ဆီးခံရ

ဘီရာရှီဗာ ဇူလိုင် ၂၇

အစ္စရေးနိုင်ငံ နာဂျက်သဲကန္တာရဒေသတွင်းရှိ ဘီဒိုအင်းကန္တာရပျော်အာရပ်များ၏ လူနေအိမ် ၃၀၀ ခန့်ကို အစ္စရေးရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းခဲ့ပြီး ဖျက်ဆီးခဲ့ကြောင်း ဇူလိုင် ၂၇ ရက်သတင်းများတွင် ဖော်ပြသည်။

အစ္စရေးရဲတပ်ဖွဲ့ဝင် ၁၅၀၀ ခန့်သည် အယ်လ်အာရာခစ်ဘ်ဘီဒိုအင်း ကျေးရွာကို နံနက်အရုဏ်တက်တွင် ဝင်ရောက်စီးနင်းခဲ့ကြကြောင်း သိရသည်။ ၎င်းတို့သည် ဘီဒိုအင်းအာရပ်များ၏ နေအိမ်အလုံး ၄၀ခန့်ကို ဖျက်ဆီးခဲ့ကြပြီး အယ်လ်အာရာခစ်ဘ်ရွာသားများပိုင်သည့် သံလွင်ပင်များကိုလည်း နုတ်ယူဖျက်ဆီးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

နာဂျက်သဲကန္တာရဒေသသည် အစ္စရေးနိုင်ငံတောင်ပိုင်းရှိ ဘီဒိုအင်းကန္တာရနေလူမျိုးစုများ၏ နေရင်းဒေသဖြစ်သည်။ ယင်းကန္တာရဒေသတွင် ဘီဒိုအင်းအာရပ် ၁၅၀၀၀၀ ခန့်နေထိုင်ကြသည်။

အစ္စရေးရဲတပ်ဖွဲ့၏အဆိုအရ ဖျက်ဆီးခံခဲ့ရသော နေအိမ်များသည် တရားဝင်ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ထားသောနေအိမ်များမဟုတ်ကြောင်း၊ ဥပဒေအရ နေခွင့်ရှိသည့်ဒေသကို ကျော်လွန်ဆောက်ထားသော အဆောက်အအုံများကိုသာ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

နာဂျက်သဲကန္တာရဒေသရှိ ဘီဒိုအင်းကျေးရွာထက်ဝက်ကျော်မျှကို အစ္စရေးအစိုးရက အသိအမှတ်မပြုပေ။ ထို့ကြောင့် ယင်းကျေးရွာများတွင် မြို့ပြစည်ပင်သာယာရေးနှင့်သက်ဆိုင်သော ရေနှင့် လျှပ်စစ်မီးကဲ့သို့ ဝန်ဆောင်မှုများ ရရှိခြင်းမရှိပေ။

ထို့ကြောင့် နာဂျက်သဲကန္တာရဒေသရှိ ဘီဒိုအင်းကျေးရွာ အတော်များများသည် ဆင်းရဲတွင်းနက်လှသောအခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သတင်းများတွင် ဖော်ပြသည်။

အစ္စရေးသတင်းစာများ၏ ဖော်ပြချက်အရ အင်္ဂါနေ့အရုဏ်တက်ချိန်တွင် နေအိမ်များကို အစ္စရေးအာဏာပိုင်များက စေလွှတ်ခဲ့သော မြေတူးစက်များက ဖျက်ဆီးနေသည်ကို အယ်လ်အာရာခစ်ဘ်ရွာသားများက လက်ပိုက်ကြည့်နေကြရကြောင်း သိရသည်။

ယခုအဖြစ်အပျက်သည် နာဂျက်သဲကန္တာရဒေသမှ ဘီဒိုအင်းကျေးရွာများကို အင်အားသုံးဖျက်ဆီးမည့် ပထမခြေလှမ်းဖြစ်ကြောင်း၊ သို့ရာတွင် ဘီဒိုအင်းအာရပ်များသည် အစ္စရေးနိုင်ငံ မတည်ထောင်မီကပင် ယင်းဒေသ၌ နေထိုင်လာသူများဖြစ်ရာ ဇာတိမြေကို စွန့်ခွာမည်မဟုတ်ကြောင်း အယ်လ်အာရာခစ်ဘ်ရွာသားများက ဆိုသည်။

❖ ကမ္ဘာ့အရှားပါးဆုံးဖျံမှ

ဆာဘာပြည်နယ်တွင် ယင်းဖျံမျိုးများနှင့် ပတ်သက်၍ မှတ်တမ်းတင်ခဲ့သော နောက်ဆုံးအထောက်အထားမှာ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ကျော်ကဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၌ ရှားရှားပါးပါး တစ်ကောင် ပြန်လည်တွေ့ရှိခဲ့သော်လည်း မော်တော်ယာဉ်တစ်စီးက ဝင်တိုက်ခဲ့မှုကြောင့် သေဆုံးသွားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာသမဂ္ဂ(အိုင်စီယူ)၏ ခန့်မှန်းချက်အရ ယင်းဖျံများသည် ဘော်နီယိုကျွန်း သစ်တောများအတွင်း အနည်းငယ် သာကျန်ရှိတော့ကြောင်း သိရသည်။ ယင်းဖျံများသည် အလျား ၁ ဒသမ ၃ မီတာ ရှည်ပြီး အလေးချိန် ၇ ကီလိုဂရမ်ရှိသည်။

အမွေးထူဖျံမျိုး (Lutra Sumatrana) များသည် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးကျွန်းဆွယ်နှင့် ဆုမတြားကျွန်းများတွင် နေထိုင်သည် ဆိုသော်လည်း တွေ့ခဲ၊ မြင်ခဲခြင်းနှင့် မတော်တဆမှုကြောင့် သေဆုံးခြင်းများကြောင့် ခိုင်မာသောမှတ်တမ်းများ ပြုစုနိုင်ခြင်းမရှိပေ။ ***အင်တာနက်။***

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားကြောင်း နှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၇

ဧရာဝတီမြစ်ကူး နဝဒေးတံတား(ပြည်) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့်(၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၀ခုနှစ် ဇူလိုင် ၃၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄) အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခု အကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်း ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်း သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး အဆောက်အအုံသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် ဇူလိုင် ၂၇

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ ပြီး တိုင်းမှူးက အဆောက်အအုံသစ် ကမွည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက အဆောက်အအုံသစ် ဖွင့်လှစ် ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အဆောက်အအုံသစ် အလှူရှင်များ အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အဆောက်အအုံသစ်နှင့် ဆေးပစ္စည်းများ၊ ကယ်ဆယ်ရေး ပစ္စည်းများ သိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တွင် တည်ထောင်ဖွဲ့စည်းထားရှိသည့် နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး အာဆီယံလူ့စွမ်းအား ဗဟိုဌာန (ASEAN Resource Center for Training of Trainers for Civil Service)အစီအစဉ်ဖြင့် နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့- အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန နှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ ဌာန ဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူ များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများရှိ လေ့ကျင့်ရေး သင်တန်းကျောင်းများ၌ နည်းပြတာဝန် ထမ်းဆောင်လျက်ရှိသူ ၁၉ဦး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုမှ နည်းပြ တာဝန် ထမ်းဆောင်လျက်ရှိသူ ၁၁ ဦး စုစုပေါင်း ၃၀ အား သင်တန်းများ၌ လေ့ကျင့် သင်ကြားပေးခြင်းဆိုင်ရာ ဘာသာရပ် ငါးခုကို ရက်သတ္တလေးပတ်ကြာ ပို့ချ သင်ကြားပေးမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

City Mart Supermarket များ၌ Baby Fair အရောင်းပွဲတော် ကျင်းပမည်



ရန်ကုန် ဇူလိုင် ၂၇

City Mart Supermarket (ရန်ကုန်နှင့် မန္တလေး) ဆိုင်ခွဲများ၌ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၁ ရက်အထိ Baby Fair အထူးဈေးရောင်းပွဲနှင့် အထူးအစီအစဉ် ကျင်းပမည်ဖြစ်သည်။

အာဟာရဖြည့်စွက်စာများနှင့် အသုံးအဆောင်ပစ္စည်းများကို စုံလင်စွာ ရောင်းချပေးမည့် City Mart Supermarket ၏ Baby Fair အရောင်းပွဲတော်တွင် Bear Brand, Dumex, S- 26 Promil Gold, Similac, Heinz, Gain IQ, Grow, Nestle အမှတ်တံဆိပ်များ၏ နို့မှုန့်များနှင့် အာဟာရဖြည့်စွက်စာများ၊ Appeton, Champs, Ceelin, Nutroplex, Enervon Kidz အမှတ်တံဆိပ်များ၏ ကလေးအားဆေးများ၊ Biogesic ကလေးအဖျားပျောက်ဆေး တို့ကိုလည်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အပြင် ကလေးငယ်များအတွက် သက်သောင့်သက်သာနှင့် အမြဲသန့်ရှင်း နေရန်အတွက် Huggies, Pampers, Mamypoko အမှတ်တံဆိပ်များ၏ ကလေးဆီးခံဘောင်းဘီများနှင့် အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့် ကလေးပစ္စည်းများဖြစ်သည့် Babi Mild, Kodomo, Johnson's အမှတ်တံဆိပ်များ၏ ကလေးရေချိုးဆပ်ပြာများ၊ ကလေးသုံးပေါင်ဒါအမျိုးမျိုးနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ Camera, Farlin, Nanny အမှတ်တံဆိပ် ကလေးအသုံးအဆောင်ပစ္စည်းများနှင့် ကလေးအဝတ်အထည်များ စသည်တို့ကို တစ်နေရာတည်းတွင် အမျိုးအစားအစုံကို အထူးကောင်တာများထားရှိ၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ဩဂုတ် ၁ ရက်နှင့် ၈ ရက်တို့တွင် မြေနီကုန်းစင်တာ မြေညီထပ်၏ Promotion Area တွင် ဖျော်ဖြေရေးအစီအစဉ်များကို မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ယုဇနစောမြင့်က "ငယ်ရွယ်မိခင်ရှုဆင်ခြင် အစဉ်မှတ်ရန်ကွယ်" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကာ ကလေးပြုစုစောင့်ရှောက်မှု နည်းစနစ်များအား သူနာပြုဆရာမများက လက်တွေ့သရုပ်ပြတင်ဆက်ပေးခြင်း အစီအစဉ်များ စီစဉ်ထားရှိသည်။

City Mart Supermarket ၏ Baby Fair အစီအစဉ်ဖြစ်မြောက်ရန်အတွက် Sponsor များအဖြစ် Nestle, Bear Brand နို့မှုန့်၊ Gain IQ Grow နို့မှုန့်၊ Appeton ကလေးအားဆေး၊ Champs ကလေးအားဆေး၊ Johnson ကလေးအသုံးအဆောင်ပစ္စည်းများ၊ Camera ကလေးအသုံးအဆောင် ပစ္စည်းများ၊ Kodomo ကလေးအသုံးအဆောင် ပစ္စည်းများ၊ Huggies Diaper, Pamper Diaper တို့က အဓိကပံ့ပိုးကူညီထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇူလိုင် ၂၅ ရက်က မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပရေး ထာဝရငွေပဒေသာပင်အတွက် အလှူရှင် ကျောင်းသားဟောင်း တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်ညွန့်နှင့်ဇနီး ဒေါ်အေးအေးမော် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ငွေပဒေသာပင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မဇောတဓရ ဦးအောင်ကြည်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်း မြင့်မားလာခြင်း၊ ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများ ရှိရာမြေပြန့်သို့ အုပ်စုလိုက်ရွှေ့ပြောင်း၍ ပျိုးခင်းမှစပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်-

- လူနေအိမ်နှင့် စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုး အသုံးပြုနှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြရန် နှိုးဆော် အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အင်ကြင်းပင်စိုက်ပျိုး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ဇူလိုင် ၁ ရက်က ကျင်းပသည့် မန္တလေးတိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဥပဒေရုံးများမှ ဥပဒေအရာရှိများအား တွေ့ဆုံမှာကြား

ရန်ကုန် ဇူလိုင် ၂၇

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ရှေ့နေချုပ်ရုံးခွဲ (ရန်ကုန်)ရှိ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများအား ယနေ့နံနက်ပိုင်းတွင် ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်) အစည်းအဝေးခန်းမ(၁)၌လည်းကောင်း၊ ရန်ကုန်တိုင်း ဥပဒေရုံး၊ တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများအား မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ဥပဒေရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ စီမံရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယရှေ့နေချုပ်သည် ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်)၊ တိုင်းဥပဒေရုံး၊ စုပေါင်းရုံးရှိ ခရိုင်ဥပဒေရုံးများနှင့် မြို့နယ်ဥပဒေရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ရန်ကုန်တိုင်း ဥပဒေရုံး၊ တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၇

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ်(၂၉)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် "လမ်းဘေးဈေးသည်များ ဖွံ့ဖြိုးအောင် လမ်းပြဆောင်" မျက်နှာဖုံးသုံးသပ်ဆောင်းပါး ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်း ရေးသားသည့် "မျက်နှာစာသုံးပါးမှ ဝိသေသများ" ဆရာမောင်ဝံသ ရေးသားသည့် "ဘယ်သူလဲနဲ့ ဘာလုပ်မလဲ ဘယ်ဟာကြည့်မလဲ"၊ ဆရာမောင်သာနုရေးသားသည့် "လူလတ်တန်းစားကို ဦးတည်၍ အခြေခံလူထုကို အပါခေါ်"၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် တွေ့ဆုံခြင်း စသည့် နိုင်ငံရေး သုံးသပ်ဆောင်းပါးများ၊ ဂျီအက်စ်အမ်ဖုန်းဈေး ကျဆင်းနေသော်လည်း တရားဝင် အစိုးရသွင်းဈေး ပြောင်းလဲမည်မဟုတ်၊ မင်္ဂလာဈေးမီးဘေးလွတ်အထပ်များ မကြာမီ ပြန်လည်ဖွင့်လှစ်မည်၊ အိမ်အကူလုပ်ပေးမယ် ပြီးရင် လိမ်ပြေးမယ်၊ ပုရိသတွေလည်း သွေးဆုံးကြသည်၊ ရွှေတိဂုံရှိ ဘာသာရေး အသင်းဝင်များ မှတ်ပုံတင်ပြုလုပ်ရမည်၊ မယ်လမင်းပါ တရုတ်နို့မှုန့်များ နယ်စပ်လမ်းကြောင်းမှ ဝင်လာနိုင်သဖြင့် သတိပြုရန်လို၊ တစ်ပတ်တာအတွင်း အခြေခံစားသုံးကုန် ဈေးကွက်သတင်း၊ ပဲအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဘညဏ်နှင့် တွေ့ဆုံခြင်း၊ "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ နန်းဒေးမွန်းဈေးနှင့် ဂုဏ်ပြုညစာစားပွဲ" ကိုရီးယားခရီးသွားဆောင်းပါး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မိုးရာသီနှင့် ကျန်းမာရေး"၊ အခုနောက်ပိုင်း လူရွှင်တော်လုပ်ရတာ ပိုနှစ်သက်လာတယ်" နေတိုးနှင့်တွေ့ဆုံခြင်းစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အာရှတွင် အနောက်နိုင်ငံများမှာကဲ့သို့ ကြွေးမြီဆိုင်ရာပြဿနာ ပေါ်ပေါက်လာဖွယ်မရှိ၊ ကမ္ဘာကြီး ပူနွေးလာစေသောအကျိုးဆက်များအပေါ် စိုးရိမ်ပူပန်သည့်နိုင်ငံ ကမ္ဘာတွင် နည်းပါးနေသေး၊ ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် မိုက္ကရိုဆော့ဖ်ကုမ္ပဏီ ပူးတွဲတည်ထောင်သူက ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ပရဟိတလုပ်ငန်းများသို့လှူမည်၊ တရုတ်တွင် ရေနံပိုက်လိုင်းနှစ်ခု ပေါက်ကွဲသဖြင့် ဒါလီယန်ဆိပ်ကမ်းမြို့ကို ပိတ်ထားရ၊ အသက်ရာကျော်ဘွားဘွားနှင့် (၃၈)နှစ်အရွယ် ခင်ပွန်းသည်တို့ ချစ်ခြင်းမေတ္တာ ခိုင်မြဲကြောင်းသက်သေပြ၊ အမျိုးသားများ အသုံးပြုသန္ဓေတားဆေးပေါ်ပြီ၊ တီမောနိုင်ငံအနေဖြင့် အာဆီယံသို့ ဝင်ရောက်ရန် ၂၀၁၂ ခုနှစ်အထိ အဆင်မပြေနိုင်သေး၊ "ဘူတာရုံသို့ အမြန်ရထားဝင်လာစဉ် သံလမ်းဖြတ်ကူးသည့် ကလေးငယ် အသက်ဘေးမှ သီသီလေးလွတ်ခဲ့" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။

(သတင်းစဉ်)

လှော်ကားဥယျာဉ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် လှော်ကားဥယျာဉ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက အဆိုပါဥယျာဉ်တွင် သစ်တောဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီတို့ ပူးပေါင်းပြီး ကျင်းပရာ ထူးထရေးဒင်းကုမ္ပဏီမှ ဦးဆန်းလင်း-ဒေါ်သီတာလွင် မိသားစုက သစ်ပင်ပျိုးပင်များ ၂၀၀၀ ကျော်လှူဒါန်းပြီး စိုက်ပျိုးခဲ့ကြောင်းသိရသည်။

(၅၃၂)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၃၀	၈။	အကျိုးပြုအားမာန် ဆည်ရေလှောင်တမံ(ရင်းရှည်)
၈း၄၅	၉။	International News
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၆။	သီချင်းကြီးပဒေသာ
၅း၀၅	၇။	အကပြိုင်ပွဲ
၅း၁၅	၈။	တေးဂီတအစီအစဉ်
၅း၂၅	၉။	"ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး"
၅း၃၅	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၄၅	၁၁။	နေပြည်တော်တောင်စခန်း ရှင်လန်းဖွယ်နားခိုမယ် (Mount Pleasant Hotel)
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၁၅	၁၃။	မိုးလေဝသအခြေအနေ
၆း၂၀	၁၄။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅	၁၅။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၀၅	၁၆။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၃၅	၁၇။	အလင်္ကာကျော်စွာ မြို့မငြိမ်း နှစ်(၁၀၀)ပြည့် တေးဂီတ အစီအစဉ် (အပိုင်း-၅)
၈း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံတော်အတွက်ထာဝရသစ္စာ (တေးဆို-စောမင်းနောင်နှင့်အဖွဲ့၊ တေးရေး-စန္ဒရားကွန်းဇော်)
	၂၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၆၃)**
	၂၃။	၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ "ကွက်စိပ်ပြိုင်ပွဲ" (တေမိယဇာတ်) (ဒုတိယဆု) (အေဝမ်းမင်းဇော်)(မန္တလေးတိုင်း)
	၂၄။	အစီအစဉ်ပြီး၏။

❑ရှေ့ဖုံးမှ

ကြားယောင်နေဆဲပင်။ နောင်မှ သိရသည်မှာ ထိုစဉ်က သာမန်ဖျားနာရုံလောက်ဖြင့်တော့ ဆေးရုံ၊ ဆေးခန်းသွားလေ့မရှိကြ။ တစ်နည်းဆိုရသော် သွားရောက်ပြသကုသစရာ ဆရာဝန်နှင့် ဆေးခန်းလည်း မည်မည်ရရမရှိ။

အချိန်သည် ရေအသွင်သို့ အစဉ်အမြဲ စီးဆင်းလျက်ရှိနေသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ယခင်အစိုးရ အဆက်ဆက်ဟု ညွှန်းဆိုရမည့် နှစ် ၄၀ သောကာလအပိုင်းအခြားတွင် နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် နိုင်ငံကို တည်ဆောက်ခဲ့ကြသော်လည်း စီမံခန့်ခွဲမှုနည်းလမ်း အမှားအယွင်းများနှင့် တည်ငြိမ်အေးချမ်းမှု ကင်းမဲ့သောအခြေခံအကြောင်းတရားများကြောင့် ထင်တိုင်းမပေါက်ခဲ့သည်ကို သမိုင်းက သက်သေခံခဲ့ပြီးဖြစ်သည်။

ထိုကာလများအတွင်း ရန်ကုန်မြို့တွင် အခြေချနေထိုင်သော မိမိတို့မိသားစုအတွက် နယ်မှ ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်မပြတ်လှ။ တစ်နှစ်လျှင် အနည်းဆုံး ဆွေမျိုးမိတ်သင်္ဂဟ ငါးဖွဲ့ခန့် ရောဂါအဖုံဖုံဖြင့် လာရောက်တည်းခိုပြီး ရန်ကုန်မှာ ဆေးကုကြသဖြင့် ဧည့်ပြတ်သည်မရှိ။ ၁၉၈၈ခုနှစ်မတိုင်မီကာလအတွင်း မြန်မာနိုင်ငံ ကျန်းမာရေး စောင့်ရှောက်နိုင်မှု အခြေအနေများ ချို့ယွင်းအားနည်းခဲ့သည်ကို ပြန်သတိရမိသည်။ ခရိုင်အဆင့်ရှိမြို့များတွင်ပင် ပြည့်စုံလုံလောက်သည့် ရုပ်ဝတ္ထု အခြေအနေမရှိ။ အခြေခံအဆောက်အအုံ မပြည့်စုံ၊ ဆေးဝါး၊ ဆေးဝန်ထမ်းဘက်ပေါင်းစုံ လျော့နည်းကျဆင်းခြင်း၏ရလဒ်ကြောင့် ကျန်းမာရေးကိစ္စအလို့ငှာ ရန်ကုန်မြို့ကြီးကိုသာ အားပြုခဲ့ကြရ၏။ အတတ်နိုင်ဆုံး ဖြည့်ဆည်းစွမ်းဆောင်ပေးခဲ့သည်ဟု ယူဆရနိုင်သော်လည်း အားနည်းလစ်ဟာချက်များ ရှိခဲ့သည်ကို ဖုံးကွယ်၍ မရနိုင်ခဲ့။ ပြည်သူတို့၏ လူမှုစီးပွားပညာ၊ ကျန်းမာရေးကဏ္ဍများတွင် များစွာအားနည်းခဲ့သောကာလများပင်။

အဘက်ဘက်မှ ယိုယွင်းကျဆင်းပြီး တည်ငြိမ်မှုကင်းမဲ့နေသော အခြေအနေသည် ၁၉၈၈ ခုနှစ် နှောင်းပိုင်းတွင် အဆုံးသတ်ခဲ့ပြီး လေပြီ။ယနေ့၂၀၁၀ ခုနှစ်အရောက် ဆယ်စုနှစ်စုကျော် ကာလသည် အပေါင်းလက္ခဏာများစွာကို ဆောင်ကြဉ်းပေးနိုင်သော သမိုင်းအချိုးအကွေ့ဖြစ်သည်။ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ထိရောက်သော မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

(က) ပြည်သူတို့၏ ကျန်းမာရေး အဆင့်အတန်းကို မြှင့်တင်ရန်

(ခ) တောနှင့် မြို့ ကျန်းမာရေး စောင့်ရှောက်မှု ကွာဟချက် ကျဉ်းမြောင်းလာရန်

(ဂ) ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးနိုင်ရန်

ဟူသည့် ရည်မှန်းချက်များကို အခြေခံပြီး အမျိုးသားကျန်းမာရေးမူဝါဒ(၁၅)ချက်ကို ချမှတ်ထားသည်။ ဤမူဝါဒများကို အနှစ်ချုပ်လိုက်ပါက လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယ ကင်းရှင်းရေးဟူသည့် အချက်နှစ်ရပ်ကို ရရှိပါသည်။

ဤမူဝါဒနှင့် ရည်မှန်းချက်များ ပြည့်စုံအောင် ဦးစွာကျန်းမာရေး စောင့်ရှောက်မှု အခြေခံအဆောက်အအုံများဖြစ်သည့် ဆေးရုံ ဆေးခန်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံနှင့်အဝန်း အဟုန်ပြင်းစွာ လုပ်ဆောင်ခဲ့သည်။ သိသာထင်ရှားသော မြေပြင်အခြေအနေတိုးတက်မှုများ ရရှိလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ခြင်း
ကျန်းမာရေးစောင့်ရှောက်မှုအခြေခံအဆောက်အအုံတိုးတက်မှုအခြေအနေ
(အသစ်ဖွင့်လှစ်ရန်နှင့် အဆင့်မြှင့်တင်ရန် ဆောင်ရွက်ဆဲ ဆေးရုံများအပါအဝင်)

စဉ်	ဆေးရုံ	ရေတွက်ပုံ	၁၉၈၈ခုနှစ်	၂၀၁၀ခုနှစ်	တိုးတက်မှု
	ဆေးရုံများ တိုးချဲ့မြှင့်တင်မှု	ရုံ	၆၃၁	၈၈၆	၂၅၅
၁	- အထူးကုဆေးရုံ	ရုံ	၁၅	၂၂	၇
၂	- သင်ကြားရေးနှင့် အထွေထွေရောဂါ	ရုံ	၄	၆	၂
၃	- ခုတင် (၁၀၀၀)	ရုံ	-	၁	၁
၄	- ခုတင် (၃၀၀)	ရုံ	၁	၇	၆
၅	- ခုတင် (၂၀၀)	ရုံ	၈	၃၁	၂၃
၆	- ခုတင် (၁၅၀)	ရုံ	၁၂	၃	အဆင့်မြှင့်တင်
၇	- ခုတင် (၁၀၀)	ရုံ	၂၈	၃၄	၆
၈	- ခုတင် (၅၀)	ရုံ	၃၃	၅၉	၂၆
၉	- ခုတင် (၂၅)	ရုံ	၄၉	၁၉၅	၁၄၆
၁၀	- ခုတင် (၁၆)	ရုံ	၁၆၂	၇	အဆင့်မြှင့်တင်
၁၁	- တိုက်နယ်ဆေးရုံ	ရုံ	၃၀၅	၄၉၄	၁၈၉
၁၂	- အခြားဝန်ကြီးဌာနအောက်ရှိဆေးရုံ	ရုံ	၁၄	၂၇	၁၃
	ကျန်းမာရေးလုပ်ငန်းများ/ဌာနများ				
၁၃	- ကျေးလက်ကျန်းမာရေးဌာန	ခု	၁၃၃၇	၁၅၀၄	၁၆၇
၁၄	- ဒေသန္တရ ကျန်းမာရေးဌာန	ခု	၆၄	၈၆	၂၂

မှတ်ချက်။ ။အသစ်တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ဆဲ ဆေးရုံအပါအဝင် ဆေးရုံအရေအတွက်မှာ (၈၈၆)ဖြစ်ပါသည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ ဆေးရုံ ၆၃၁ ရုံသာရှိခဲ့ရာမှ ယနေ့အချိန်တွင် ၈၈၆ ရုံအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ထိုနည်းတူ ယခင်တိုက်နယ်ဆေးရုံ ၃၀၅ ရုံရှိရာမှ ယခု ၄၉၄ ရုံ၊ ယခင်ကျေးလက်ကျန်းမာရေးဌာန ၁၃၃၇ ခုရှိရာမှ ယခု ၁၅၀၄ခု၊ ယခင် ဒေသန္တရကျန်းမာရေးဌာန ၆၄ခုရှိရာမှ ယခု ၈၆ ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီး ဆေးရုံပေါင်း ၂၅၅ ရုံကို တိုးတက်ဖြစ်ထွန်းခဲ့ပြီဖြစ်သည်။

ရုပ်ဝတ္ထုပိုင်းဖြည့်ဆည်းပေးမှုများအပြင် ဆေးနှင့် ကျန်းမာရေးပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးနိုင်မှုအပိုင်းတွင်လည်း ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက်ကျန်းမာရေးလူအင်အား မူဝါဒ (Health Manpower Policy) ရေးဆွဲပြီး ကျန်းမာရေးဝန်ထမ်းများကို ရေရှည်ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း လိုအပ်ချက်နှင့် အညီ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ ဆေးသိပ္ပံပညာဦးစီးဌာနအောက်တွင် ဆေးတက္ကသိုလ် လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ် (ရန်ကုန်)တစ်ခု၊ အခြားကျန်းမာရေးဆိုင်ရာတက္ကသိုလ် ခုနစ်ခုနှင့် သူနာပြုသားဖွား သင်တန်းကျောင်း ၄၆ ကျောင်းတို့မှ နိုင်ငံတကာအဆင့်မီ ဆေးဘက်ပညာရှင်မျိုးစုံကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၀ အတွင်း ဆေးတက္ကသိုလ်နှင့် သင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆင့်မြင့် ဆေးလက်တွေ့ပါရဂူဘွဲ့လွန်သင်တန်း၌ ဘာသာရပ် (၃၁)မျိုး၊ ဆေးလက်တွေ့အခြေခံ

ကျောင်းများ တိုးတက်မှုအခြေအနေကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

ပါရဂူဘွဲ့၌ ဘာသာရပ် (၇)မျိုးတို့ကို ၁၉၉၇ ခုနှစ်မှ စတင်ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာ

စဉ်	ဆေးရုံ/ဆေးကုဌာန	ရေတွက်ပုံ	၁၉၈၈
၁	(၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံစုစုပေါင်း	ရုံ	၂
၂	(၅၀)ခုတင်ဆံ့ တိုင်းရင်းဆေးရုံစုစုပေါင်း	ရုံ	-
၃	တိုင်းရင်းဆေးကုဌာန	ရုံ	၈၉

နိုင်ငံအတွင်း ဆေးတက္ကသိုလ်နှင့် သူနာပြု သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပြီး အရည်အသွေးမီ ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ခြင်းအပြင် နိုင်ငံတကာ အဆင့်မီဘွဲ့လွန်ဆေးပညာသင်တန်းများကိုပါ လေ့ကျင့်မွေးထုတ်လျက်ရှိရာ ယခုအခါ ဆေးပညာမဟာသိပ္ပံသင်တန်း(၂၉)မျိုး၊ ဝန်ထမ်းဆရာဝန်များနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာသင်တန်း(၆)မျိုး၊ ပြင်ပဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာ(၂)မျိုးတို့ကို

အထက်ပါဖြည့်ဆည်းပေးချက်များ၏ လက်တွေ့အကျိုးရလဒ်များကို ယခုအခါပြည်သူများ လက်တွေ့ခံစားနေရပြီဖြစ်သည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းတွင် တိုင်းရင်းဆေးတက္ကသိုလ်မှလည်း တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်။

တိုင်းရင်းဆေးတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးမြင့်မားသည့် ဘွဲ့ရတိုင်းရင်းဆေးဆရာများ မွေးထုတ်

မန္တလေးမြို့ အရိုးအထူးကုဆေးရုံသစ်ကြီးကို တွေ့ရစဉ်။



နယ်စပ်ဒေသနေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကို သန့်ရှင်းသပ်ရပ်စွာ တွေ့ရစဉ်။

ပေးမည့် တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၉ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ရာ ၂၀၁၀အထိ တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M)ရ တိုင်းရင်းဆေးဆရာ ၈၆၅ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

တိုင်းရင်းဆေးပညာ သင်ကြားရေးနှင့် ပတ်သက်၍ ၁၉၈၈ ခုနှစ်တွင် တိုင်းရင်းဆေးပညာဒီပလိုမာဘွဲ့ ပေးအပ်နိုင်သော တိုင်းရင်းဆေးသိပ္ပံတစ်ခုသာရှိခဲ့ပြီး တစ်နှစ်လျှင် တိုင်းရင်းဆေးပညာ ဒီပလိုမာဘွဲ့ ရရှိသူ ၁၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့ရာမှ ယခုအခါတွင် တိုင်းရင်းဆေးပညာဒီပလိုမာဘွဲ့ရ ၂၀၀၀ ကျော် ရှိလာခဲ့သည်။

တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအနေနှင့် ခရိုင်နှင့် မြို့နယ် ဆေးကုဌာနများ၊ တိုင်းရင်းဆေးရုံများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ဖွင့်လှစ်ပြီး တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများမှာ တစ်ဖက်ပါအတိုင်းဖြစ်သည်-

နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများအတွက် နယ်စပ်ဒေသကျန်းမာရေးစီမံချက် ရေးဆွဲပြီး ဆေးရုံဆေးခန်းများ ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းများခန့်ထားခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်တင်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး နယ်စပ်ဒေသအတွက် ဆေးရုံ ၁၀၀၊ ဆေးခန်း ၉၇ ခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန ၉၁ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၀ တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်အညီ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဤစီမံကိန်းသည် အနာဂတ် မြန်မာ့ကျန်းမာရေး အဆင့်အတန်းနှင့် လူမှုဘဝအရည်အသွေး အမြင့်မားဆုံးဖြစ်ရေးကို ဦးတည်ရေးဆွဲထားပြီး ကျန်းမာရေးဝန်ကြီးဌာနက ရေးဆွဲအကောင်အထည်ဖော်သည့် အမျိုးသားကျန်းမာရေးစီမံကိန်းများ၏ လမ်းညွှန်စီမံကိန်းအဖြစ်ခံယူ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပဏာမကျန်းမာရေး စောင့်ရှောက်မှုနည်းလမ်းများကို အခြေခံလျက် ၁၉၇၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်များတွင် လေးနှစ်ပြည့်ကျန်းမာရေး စီမံကိန်းများကိုလည်းကောင်း၊ ၁၉၉၁-၁၉၉၂ခုနှစ်၊၁၉၉၃-၁၉၉၆ခုနှစ်၊ ၁၉၉၆-၂၀၀၁ခုနှစ်နှင့် ၂၀၀၁-၂၀၀၆ ခုနှစ်ကာလများတွင် အမျိုးသား ကျန်းမာရေးစီမံကိန်းများကိုလည်းကောင်း ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။

ယခုအခါ နိုင်ငံတော်၏ စတုတ္ထနှစ်တို (၅) နှစ် စီမံကိန်းနှင့် လိုက်လျောညီထွေစွာ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၀၆-၂၀၁၁)ကို စီမံချက်ကြီး ၁၂ ခုနှင့် လုပ်ငန်းစီမံချက် ၆၅ ခုတို့ဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

၎င်းအပြင် ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအဖြစ် ဦးစားပေးရောဂါသုံးမျိုးဖြစ်သည့် ငှက်ဖျား ရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု (အေအိုင်ဒီအက်စ်)ရောဂါများနှင့် အနာကြီးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိသည်။

မကွေးမြို့တွင် အသစ်တည်ဆောက်ပေးထားသည့် သင်ကြားရေးဆေးရုံကြီးက ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည်။

ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၏ တိုးတက်အောင်မြင်မှုအဖြစ် ၁၉၈၈-၁၉၈၉ ခုနှစ်က ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်းမှာ လူဦးရေ တစ်ထောင်လျှင် ၂၄ ဒသမ ၅၃ အထိ ရှိခဲ့သော်လည်း ၂၀၀၈-၂၀၀၉ တွင် ၁၀ ဒသမ ၇၅ သာ ရှိတော့သည်။ ယင်းအပြင် ငှက်ဖျားရောဂါဖြင့် သေဆုံးမှုနှုန်းမှာ လူဦးရေတစ်သိန်းလျှင် ၁၉၈၈-၁၉၈၉ တွင် ၁၀ ဒသမ ၄၄ ရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ တွင် ၁ ဒသမ ၈၄ အထိ ကျဆင်းသွားခဲ့သည်။

အနာကြီးရောဂါသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာပင် ရှိခဲ့သောကူးစက်ရောဂါတစ်ခုအဖြစ် တွေ့ရှိရပါသည်။ ယင်းရောဂါ၏ နောက်ဆက်တွဲပြဿနာတစ်ခုဖြစ်သော ကိုယ်လက်အင်္ဂါ ပျက်စီးမှုနှင့် ချို့ယွင်းမှုများသည် ရောဂါဖြစ်သူနှင့် မိသားစုအားအကြီးမားဆုံး လူမှုရေးနှင့် စီးပွားရေးပြဿနာများကို ဖြစ်ပေါ်စေပါသည်။ နိုင်ငံတော်အစိုးရသည် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆေးပေါင်းကျွေးတိုက်ကျွေးမှုစနစ်ဖြင့် ကုသပေးလျက်ရှိပြီး ရောဂါပျောက်ကင်းသူများ နှစ်စဉ်တိုးတက်များပြားလာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်စံနှုန်းအရ ၁၉၈၈ ခုနှစ် မတိုင်မီကာလတွင် ပြည်နယ်နှင့်တိုင်း အသီးသီးတွင် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်ရှိခဲ့ပါသည်။ အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအား အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ နီးနွယ်သော အခြားဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုနှင့် တကွ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အနာကြီးရောဂါဖြစ်ပွားမှုနှုန်းမှာ လူဦးရေတစ်သောင်းလျှင် ၁၉၈၇ ခုနှစ်၌ ၅၃ ဦးထိရှိခဲ့ရာမှ ၁၉၉၈ ခုနှစ်တွင်၂ ဒသမ ၅ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၀ ဒသမ ၄၈ ဦး၊ ၂၀၀၉ခုနှစ်တွင် ၀ ဒသမ ၄၇ ဦးသို့ လျော့နည်းသွားပြီ ဖြစ်သည့်အတွက် ယခုအခါ အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှားနိုင်ခဲ့ပြီဖြစ်သည်။

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအနေဖြင့် ရောဂါကြိုတင်ကာကွယ်ရေး အခြေခံကျန်းမာရေး စောင့်ရှောက်ပေးရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး စသည့် လုပ်ငန်းများကျယ်ပြန့်စွာ ဆောင်ရွက်ရန်၊ နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ကျေးလက်ကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနများနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကို ဝေဟင်မှ တွေ့ရစဉ်။

...ျက်ရှိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆင့်မြင့် ဆေးလက်တွေ့ပါရဂူဘွဲ့လွန်သင်တန်း၌ ဘာသာရပ် (၃၁)မျိုး၊ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့၌ ဘာသာရပ် (၇)မျိုးတို့ကို ၁၉၉၇ ခုနှစ်မှ စတင်ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရရှိနိုင်သော လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားတို့ဖြင့် အကောင်းဆုံးနှင့် အထိရောက်ဆုံး၊ အကျိုးဖြစ်ထွန်းမှုအများဆုံး ဖြစ်အောင် စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးစီမံကိန်းများကို လုပ်ငန်းအလိုက်၊ အချိန်ကာလအလိုက်၊ ဒေသအလိုက်၊ အဆင့်အလိုက် စနစ်တကျရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။

အာဆီယံနိုင်ငံများ အနေဖြင့် ASEAN Vision 2020ဖြင့် ရေရှည်မျှော်မှန်းချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် 'မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်' (Myanmar Health Vision 2030)နှစ် (၃၀) နှစ်ရှည် ကျန်းမာရေးစီမံကိန်း(၂၀၀၁-၂၀၃၀)ကိုနိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်

...ိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများ

...ဆေးကုဌာန	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
...ိုင်းရင်းဆေးရုံစုစုပေါင်း	ရုံ	၂	၁၂	၁၀
...ိုင်းရင်းဆေးရုံစုစုပေါင်း	ရုံ	-	၂	၂
...ဌာန	ရုံ	၈၉	၂၃၇	၁၄၈

အထက်ပါဖြည့်ဆည်းပေးချက်များ၏ လက်တွေ့အကျိုးရလဒ်များကို ယခုအခါပြည်သူများ လက်တွေ့ခံစားနေရပြီဖြစ်သည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းတွင် တိုင်းရင်းဆေးတက္ကသိုလ်မှလည်း တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်။

တိုင်းရင်းဆေးတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးမြင့်မားသည့် ဘွဲ့ရ တိုင်းရင်းဆေးဆရာများ မွေးထုတ်

လပွတ္တာမြို့ သုံးမိုင်မြို့ကွက်သစ်ရှိ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။

ဆေးတက္ကသိုလ်နှင့် သင်တန်းကျောင်းများ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	**တက္ကသိုလ်များ**	ခု	၄	၁၅	၁၁
	- ဆေးတက္ကသိုလ်	ခု	၃	၄	၁
	- သွားဘက်ဆိုင်ရာတက္ကသိုလ်	ခု	၁	၂	၁
	- သူနာပြုတက္ကသိုလ်	ခု	-	၂	၂
	- ဆေးဝါးတက္ကသိုလ်	ခု	-	၂	၂
	- ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်	ခု	-	၂	၂
	- ပြည်သူ့ကျန်းမာရေးတက္ကသိုလ်	ခု	-	၁	၁
	- အခြေခံကျန်းမာရေးတက္ကသိုလ်	ခု	-	၁	၁
	- တိုင်းရင်းဆေးတက္ကသိုလ်	ခု	-	၁	၁
၂	**သင်တန်းကျောင်းများ**	ကျောင်း	၂၆	၄၆	၂၀
	- သူနာပြုသင်တန်းကျောင်း	ကျောင်း	၇	၂၃	၁၆
	- သားဖွားသင်တန်းကျောင်း	ကျောင်း	၁၆	၂၀	၄
	- သူနာပြု/သားဖွား နှီးနွှယ်သင်တန်းကျောင်း	ကျောင်း	၃	၃	အဆင့်မြှင့်တင်

အရည်အသွေး မြင့်မားသည့် ဘွဲ့ရ တိုင်းရင်းဆေးဆရာများ မွေးထုတ်ပေးမည့် တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

❍ **စာမျက်နှာ ၉ မှ**

ဒေသန္တရ ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ထားရှိပါသည်။

တိုးတက်ဖွင့်လှစ်

နိုင်ငံတစ်ဝန်းလုံးတွင် ကျေးလက်ကျန်းမာရေးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ၁၃၃၇ ခုရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၁၅၀၄ ခုသို့ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရည်အသွေးကောင်းမွန်စွာ တိုးချဲ့ဆောင်ရွက်မှုကြောင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်းများ ကျဆင်းလာသည့်အပြင် လူ့မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာအောင် နှစ်ရှည်ကျန်းမာရေးစီမံကိန်းချမှတ် ဆောင်ရွက်ထားမှုများကို အောက်ပါအညွှန်းကိန်းများအရ သိရှိနိုင်ပါသည်။

ကျန်းမာရေး ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှု၊ အားပေးကူညီမှုတို့ကို ခံယူ၍ ဆက်နွှယ်နေသော ဌာနများနှင့် ရင်းနှီးစွာ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစေတနာရှင် အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုကို စဉ်ဆက်မပြတ် ရယူဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ကျေပွန်စွာ ကြိုးပမ်းမှုများကြောင့် ထိုက်တန်သော အောင်မြင်မှုများကို အတိုင်းအတာတစ်ခုအထိ ရရှိအောင်မြင်ခဲ့သည်။

ကျန်းမာရေးဆောင်ရွက်မှုများ၏ အောင်မြင်မှုတစ်ရပ်မှာ မြန်မာနိုင်ငံ၏ သေနှုန်းကြမ်း (Crude Death Rate) သည် လူဦးရေတစ်ထောင်လျှင် ၁၉၈၈ ခုနှစ်က ကျေးလက်ဒေသတွင် ၉ ဒသမ ၉ နှင့် မြို့ပြဒေသတွင် ၈ ဒသမ ၉ ရှိခဲ့ရာမှ ယခုအခါ ကျေးလက်ဒေသ၌ ၅ ဒသမ ၉ နှင့် မြို့ပြဒေသတွင် ၅ ဒသမ ၃ သို့ ကျဆင်းလာပါသည်။

ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု၏ အထင်ရှားဆုံးမှတ်ကျောက်မှာ ပြည်သူလူထု၏ မျှော်မှန်းနိုင်သောသက်တမ်း (Life Expectancy) တိုးတက်မြင့်မားလာခြင်းပင်ဖြစ်သည်။ ပြည်သူလူထု မျှော်မှန်းသက်တမ်းသည် ၁၉၈၈ ခုနှစ်က ကျေးလက်ဒေသတွင် အမျိုးသား ၅၆ ဒသမ ၂ နှစ်၊ အမျိုးသမီး ၆၀ ဒသမ ၄ နှစ်နှင့် မြို့ပြဒေသတွင် အမျိုးသား ၅၉ ဒသမ ၀ နှစ်၊ အမျိုးသမီး ၆၃ ဒသမ ၂ နှစ်ရှိခဲ့ရာမှ ယခုအခါတွင် ကျေးလက်ဒေသတွင် အမျိုးသား ၆၃ ဒသမ ၂ နှစ်၊ အမျိုးသမီး ၆၇ ဒသမ ၁ နှစ်နှင့် မြို့ပြဒေသတွင် အမျိုးသား ၆၄ ဒသမ ၀ နှစ်၊ အမျိုးသမီး ၆၉ ဒသမ ၀ နှစ်အထိ တိုးတက်ခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ် နောက်ပိုင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကြိုးပမ်းစွမ်းဆောင်ချက်များ၊ အောင်မြင်မှုများကို ဆန်းစစ်ကြည့်ရာတွင် ပုဂ္ဂလိက ကဏ္ဍ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုပါ တစ်ပြိုင်တည်း တွေ့ရှိရသည်။ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ၂၀၀၀ ပြည့်လွန်နှစ်များ၌ ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုအောက်တွင် အထူးကုဆေးခန်းကြီးများ ရန်ကုန် - မန္တလေးနှင့် ပြည်နယ်နှင့်တိုင်း မြို့ကြီးများတွင် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီး ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုကဏ္ဍတွင် တစ်တပ်တစ်အား ထမ်းဆောင်လျက်ရှိသည်။ ပုဂ္ဂလိကဆေးခန်းကြီးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးကြပ်ထိန်းကျောင်းပေးလျက်ရှိပြီး အနာဂတ်ကာလအတွက် အခြေခံကောင်းများကို အုတ်မြစ်ချပေးလျက်ရှိသည်။

အပြည့်စုံဆုံး

ချုပ်၍ဆိုရလျှင် အာရောဂျံ ပရမံလာဘံ-ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟူသော အဆိုအမိန့်သည် လူ့ဘဝ၏ အလိုလားအပ်ဆုံးသောလိုအင်ကို တိုတောင်းထိမိစွာ ဖော်ပြသော စကားရပ်ပင်ဖြစ်သည်။ ထိုအလိုလားအပ်ဆုံးသောအရာကို နိုင်ငံတော်က အပြည့်စုံဆုံးဖြစ်အောင် ဆယ်စုနှစ်နှစ်စုနီးပါးကာလ၌ ဖြည့်ဆည်းတည်ဆောက်ပေးခဲ့ပြီးဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးတို့ကို ကြီးမားသော အတိုင်းအတာတစ်ရပ်အဖြစ် ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ထိုအစဉ်အလာကောင်း၊ အခြေအနေကောင်းကို အဓွန့်ရှည်စွာ ဆက်လက်ထိန်းသိမ်း ဖော်ဆောင်ရန် နိုင်ငံတော်နှင့် ပြည်သူတို့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများက ကြီးစွာသောတွန်းအားတစ်ရပ်အဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မိခင်နှင့်ကလေး သေဆုံးမှုနှုန်းကျဆင်းမှုနှင့် လူ့မျှော်မှန်းသက်တမ်းတိုးတက်မှု နှစ်ရှည်စီမံကိန်း

စဉ်	အညွှန်းကိန်း	၂၀၀၁	၂၀၁၁	၂၀၂၁	၂၀၃၁
၁	ပြည်သူလူထုမျှော်မှန်းသက်တမ်း	၆၀. ၆၄	-	-	၇၅-၈၀
၂	တစ်နှစ်အောက်ကလေးသေနှုန်း(အရှင်မွေး ၁၀၀၀လျှင်)	၅၉. ၇	၄၀	၃၀	၂၂
၃	ငါးနှစ်အောက်ကလေးသေနှုန်း(အရှင်မွေး ၁၀၀၀လျှင်)	၇၇. ၇	၅၂	၃၉	၂၉
၄	မိခင်သေနှုန်း(အရှင်မွေး ၁၀၀၀လျှင်)	၂. ၅၅	၁. ၇	၁. ၃	၀. ၉

ကျန်းမာရေးဆိုင်ရာ ပညာရပ် တိုးတက်မှု

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၁၀	မှတ်ချက်
၁	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့	-	၁၃၇	ဘွဲ့ရ
၂	ဆေးဝါးမဟာသိပ္ပံဘွဲ့	-	၃၄	ဘွဲ့ရ
၃	ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့	-	၅၅	ဘွဲ့ရ
၄	သူနာပြုမဟာသိပ္ပံဘွဲ့	-	၄၃	ဘွဲ့ရ
၅	ဆေးပညာဆိုင်ရာဘွဲ့လွန်ဒီပလိုမာ	၇၁၈	၁၈၉၂	ဘွဲ့ရ
၆	ဆေးပညာဆိုင်ရာမဟာသိပ္ပံဘွဲ့	၅၀၇	၃၈၁၀	ဘွဲ့ရ
၇	ပါရဂူဘွဲ့(ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့)	-	၉၂	ဘွဲ့ရ
၈	ဆေးလက်တွေ့ပါရဂူဘွဲ့	-	၂၂၆	ဘွဲ့ရ
၉	ဆေးဘက်ဆိုင်ရာဘွဲ့လွန်၊မဟာဘွဲ့၊ပါရဂူဘွဲ့အမျိုးအစားပေါင်း	၂၄	၇၃	ဘာသာရပ်
၁၀	ပါရဂူဘွဲ့(ဆေးလက်တွေ့အခြေခံပါရဂူ)အမျိုးအစားပေါင်း	-	၇	ဘာသာရပ်
၁၁	ဆေးဘက်ဆိုင်ရာဘွဲ့လွန်ဒီပလိုမာဘွဲ့အမျိုးအစားပေါင်း	၁၀	၆	ဘာသာရပ်
၁၂	ဆေးဘက်ဆိုင်ရာမဟာဘွဲ့အမျိုးအစားပေါင်း	၁၄	၂၉	ဘာသာရပ်
၁၃	ဆေးလက်တွေ့ပါရဂူဘွဲ့အမျိုးအစားပေါင်း	-	၃၁	ဘာသာရပ်

မှတ်ချက်။ ။ အချို့ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို မဟာသိပ္ပံဘွဲ့လွန်သင်တန်းများအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း တည်ဆောက်ပေးခဲ့သော ခုတင် ၂၀၀နှင့်အထက် ဆေးရုံသစ်ကြီးများ

စဉ်	ဆေးရုံအမည်	ခုတင်	တည်နေရာ
၁	အထွေထွေရောဂါကုဆေးရုံ	၃၀၀	နေပြည်တော်
၂	နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုဆေးရုံကြီး	၃၀၀	ရန်ကုန်တိုင်း၊ ရန်ကုန်မြို့
၃	ကူးစက်ရောဂါဆေးရုံကြီး	၃၀၀	ရန်ကုန်တိုင်း၊ ဝေဘာဂီမြို့
၄	အထွေထွေရောဂါကုဆေးရုံကြီး	၃၀၀	ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
၅	အထွေထွေရောဂါကုဆေးရုံကြီး	၃၀၀	မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့
၆	သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး	၃၀၀	မန္တလေးတိုင်း၊ မန္တလေးမြို့
၇	အနာကြီးရောဂါဆေးရုံကြီး	၂၀၀	မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့
၈	ပြည်သူ့ဆေးရုံကြီး	၂၀၀	မန္တလေးတိုင်း၊ ကျောက်ဆည်မြို့
၉	အထွေထွေရောဂါကုဆေးရုံကြီး	၂၀၀	မန္တလေးတိုင်း၊ မိတ္ထီလာမြို့
၁၀	ပြည်သူ့ဆေးရုံကြီး	၃၀၀	ပဲခူးတိုင်း၊ တောင်ငူမြို့
၁၁	သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး	၂၀၀	မကွေးတိုင်း၊ မကွေးမြို့
၁၂	ပြည်သူ့ဆေးရုံကြီး	၂၀၀	မကွေးတိုင်း၊ မင်းဘူးမြို့
၁၃	ပြည်သူ့ဆေးရုံကြီး	၂၀၀	မကွေးတိုင်း၊ ပခုက္ကူမြို့
၁၄	ပြည်သူ့ဆေးရုံကြီး	၂၀၀	ဧရာဝတီတိုင်း၊ မအူပင်မြို့
၁၅	ပြည်သူ့ဆေးရုံကြီး	၂၀၀	ဧရာဝတီတိုင်း၊ ဟင်္သာတမြို့
၁၆	ပြည်သူ့ဆေးရုံကြီး	၂၀၀	ဧရာဝတီတိုင်း၊ ပုသိမ်မြို့
၁၇	ပြည်သူ့ဆေးရုံကြီး	၂၀၀	ဧရာဝတီတိုင်း၊ လပွတ္တာမြို့
၁၈	ပြည်သူ့ဆေးရုံကြီး	၂၀၀	ကရင်ပြည်နယ်၊ ဘားအံမြို့
၁၉	ပြည်သူ့ဆေးရုံကြီး	၂၀၀	ကယားပြည်နယ်၊ လွိုင်ကော်မြို့
၂၀	ပြည်သူ့ဆေးရုံကြီး	၂၀၀	ချင်းပြည်နယ်၊ ဟားခါးမြို့
၂၁	ပြည်သူ့ဆေးရုံကြီး	၂၀၀	ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့
၂၂	ပြည်သူ့ဆေးရုံကြီး	၂၀၀	စစ်ကိုင်းတိုင်း၊ ကလေးမြို့
၂၃	ပြည်သူ့ဆေးရုံကြီး	၂၀၀	တနင်္သာရီတိုင်း၊ မြိတ်မြို့

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်၌ (ဆ)အုပ်စုမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွားပြီး နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်၌ (ဇ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်၌ (ဈ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်သွားကြသည်။

ဇူလိုင် ၂၈ ရက် ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (က)အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (က)အုပ်စုမှ သမဝါယမဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (ခ)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တပ်ကုန်းတွင် သုည ဒသမ ၁၂ လက်မ၊ ကိုကိုးကျွန်းတွင် ၂ဒသမ ၆၀လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၉၇လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၄၉လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ဝ၂လက်မ၊ မင်းတပ်မြို့နှင့် မြိတ်မြို့တို့တွင် သုညဒသမ ၉၁လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂၈ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရပ်ကွက်အတွင်းရှိ မူလတန်းကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးအား သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည် ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်စဉ်။

(ဝ၈)

Seagate Hard Drives နှင့် ECS Motherboards များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇူလိုင် ၂၇

Myanmar Technology Zone Co., Ltd. (T Zone) မှ Computer Products များဖြစ်သော Seagate hard drives နှင့် ECS Motherboards များကို မြန်မာနိုင်ငံ တရားဝင်ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ကမ္ဘာ့နံပါတ်တစ် Computer hard drive အဖြစ် တောက်လျှောက် ရပ်တည်လာခဲ့သော Seagate မှ Internal desktop/ laptop hard drives များ၊ External USB hard drives များ၊ Network storages များ၊ Home entertainment devices များအပြင် Server နှင့် Enterprise storage products များ ထုတ်လုပ်လျက်ရှိပြီး Warranty ကိုလည်း အမျိုးအစားအလိုက် ၂ နှစ်မှ ၅ နှစ်အထိ ဝန်ဆောင်မှုပေးလျက်ရှိသည်။ ကမ္ဘာတစ်ဝန်း လူကြိုက်အများဆုံးနှင့် လူသုံးအများဆုံး hard drive ဖြစ်သည့်အလျောက် အရည်အသွေး ကောင်းမွန်သော Seagate hard drives များကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

Personal computer များ ပေါ်ပေါက်ချိန်မှစ၍ motherboards များကို စတင်ထုတ်လုပ်လာခဲ့သော ECS (Elitegroup Computer System) ၏ motherboards များသည် စွမ်းဆောင်ရည်မြန်ဆန်ပြီး ဈေးနှုန်းချိုသာသောကြောင့် ကမ္ဘာ့ထိပ်တန်း motherboard တစ်ခုအနေဖြင့် ကမ္ဘာတစ်ဝန်း လက်ခံသုံးစွဲလျက် ရှိကြသည်။

များစွာအသုံးဝင်

နောက်ဆုံးထုတ် ECS motherboards များတွင် ejiffy ဟုခေါ်သည့် ရှစ်စက္ကန့်အတွင်း ကွန်ပျူတာကို boot လုပ်ပြီး Internet ကြည့်ရှုခြင်း၊ Chatting ပြုလုပ်ခြင်းနှင့် ဓာတ်ပုံကြည့်ရှုခြင်းတို့ ပြုလုပ်နိုင်သည့်စနစ် ပါဝင်လာသောကြောင့် user များအတွက် များစွာအသုံးဝင်သည်။

ဇူလိုင်နှင့် ဩဂုတ်လအတွင်း showroom တွင် Seagate external hard drive လာရောက်ဝယ်ယူသူများအား Original Seagate လက်ဆောင်ပစ္စည်းများအပြင် ဗလာမပါ ကံစမ်းမဲများဖြင့်လည်း ထပ်ဆောင်းပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

အရောင်းပြခန်းမှာ အမှတ် (၁၂၅/ဘီ) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၂၅၆၉နှင့် ၇၂၃၀၀၉ တို့ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Geographic Information Systems (GIS) & Remote Sensing (RS) သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၇

Myanmar Credent Technology မှ Geographic Information Systems (GIS) & Remote Sensing (RS) Certificate Course No.(1/2010) သင်တန်းကို ဩဂုတ် ၃ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech အဆောင်(၁) အခန်း(၄)ရှိ e-Learning Center ၌ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တိုင်း ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ သင်တန်းသား ၂၀ ကို သင်ကြားပို့ချမည် ဖြစ်သည်။

သင်တန်းကာလမှာ ဩဂုတ် ၃ ရက်မှ အောက်တိုဘာ ၇ ရက်အထိဖြစ်ကာ စာရွက်စာတမ်းကြေး အပါအဝင် သင်တန်းကြေးကျပ်တစ်သောင်း ပေးသွင်းရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း၊ ကျောင်းသား၊ MCPA အသင်းဝင်များ၊ MES အသင်းဝင်များအား သင်တန်းကြေး ၁၀ ရာခိုင်နှုန်း Discount ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများသည် Myanmar Credent Technology အဆောင်(၁) အခန်း(၇) Myanmar Info-Tech လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၈၅ နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်တပ်ကုန်း မြို့မဈေး မီးဘေးကြိုတင်ကာကွယ်

နေပြည်တော်တပ်ကုန်း ဇူလိုင် ၂၇

နေပြည်တော်တပ်ကုန်း မြို့မဈေး မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးသတ်ဦးစီးဌာန(နေပြည်တော်) ၏ ညွှန်ကြားမှု၊ ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ကြီးကြပ်ကွပ်ကဲမှု၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်တပ်ကုန်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မေ ၁၀ ရက်က ဈေးမမွာရုံအနီး ကွင်းပြင်၌ ကျင်းပရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်သရုပ်ပြသကြပြီး ဈေးသူ၊ ဈေးသားများနှင့် ပူးပေါင်းကာ လက်တွေ့မီးငြိမ်းသတ်မှုကို ဇာတ်တိုက်လေ့ကျင့်ကြသည်။

(အပေါ်ပုံ) (၅၆၄)

သင့်သွေးဖြင့် အသက်ကယ်ပါ

ငါးပွဲဆက်အနိုင်ရလဒ်နှင့်အတူ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက် ဆက်လက်ဦးဆောင်

ရန်ကုန် ဇူလိုင် ၂၇

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆)ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရသွားပြီး Southern Myanmar နှင့် ကမ္ဘောဇတို့ သရေကျသွားသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် - သုံးဂိုး

(ဇော်မျိုးထွန်း၊ လွင်ကိုနိုင်နှင့် ဇင်မင်းဦး-တစ်ဂိုးစီ)

Delta United - တစ်ဂိုး

(စိုးသီဟအောင်-ပယ်နယ်တီ)

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ယနေ့ပွဲတွင်လည်း Delta အသင်းကို ထပ်မံအနိုင်ရရှိခဲ့သဖြင့် ငါးပွဲဆက်အနိုင်နှင့်အတူ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်အသင်း၏ ကစားပုံမှာ ယခင်ပွဲများလောက် မကောင်းခဲ့ဘဲ ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ Delta ဘက်ကို ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်တွင် အချိတ်အဆက်လွဲနေ၍ ဂိုးသွင်းခွင့်မရခဲ့ပေ။ တိုက်စစ်မှူးဟောင်းစည်သူ ဂိုးရနိုင်သည့် အခွင့်အရေးအချို့ကို အသုံးမချနိုင်ခဲ့၍လည်း ရန်ကုန်အသင်းနစ်နာခဲ့ရသည်။ Delta အသင်းမှာ ထင်သလောက် ခြေစွမ်းပြနိုင်ခြင်းမရှိသော်လည်း ဂိုးသွင်းခွင့်များ ပြန်လည်ရရှိခဲ့ပြီး အသုံးမချနိုင်ခဲ့၍သာ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရရန် တိုက်စစ်မြှင့်လာပြီး ၄၈မိနစ်တွင် ပြစ်ဒဏ်ဘောမှ တစ်ဆင့်နောက်ခံလူ ဇော်မျိုးထွန်းက အဖွင့်ဂိုးစတင်သွင်းယူနိုင်ခဲ့သည်။ ဆက်တိုက်ဆိုသလို ရန်ကုန်ယူနိုက်တက်အသင်းက ဖိကစားသွားနိုင်ပြီး မိနစ် ၇၀ တွင် လွင်ကိုနိုင်က ရန်ကုန်ယူနိုက်အတွက် ဒုတိယဂိုးထပ်မံသွင်း ယူနိုင်ခဲ့သည်။ ၇၈ မိနစ်တွင် အသင်းခေါင်းဆောင် စိုးသီဟအောင်က ပယ်နယ်တီမှတစ်ဆင့် Delta အတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့သော်လည်း ၈၈ မိနစ်တွင် ဇင်မင်းဦးက ရန်ကုန်ယူနိုက်တက်အတွက် တတိယဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည်။

(အောင်ဆန်းကွင်း)

Southen Myanmar - တစ်ဂိုး

ကမ္ဘောဇ - တစ်ဂိုး

ရန် ကုန် ယူနိုက် တက် အတွက် ဒုတိယဂိုး ကို လွင် ကိုနိုင် သွင်းယူစဉ်။

(ကြေးမုံ)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

မကွေး-နေပြည်တော်

(အောင်ဆန်းကွင်း)

ဥဿာယူနိုက်တက်-ဇွဲကပင်ယူနိုက်တက်

(ကြေးမုံ)

Member of NAING Group

ချယ်ရီဦးမှ ကမ္ဘာ့ဖလားကံထူးရှင်များကို ကုန်သည်ကြီးများဟိုတယ်တွင် ဂုဏ်ယူစွာဖြင့် ဆုချီးမြှင့်မည့်အစီအစဉ် . . .

ကျပ်သိန်း(၅၀)တန် ROLEX (Swiss Made) နာရီ ကံထူးရှင်

No. 6584 ကိုခမောင်တိုး (စ) ကိုမိုး (မန္တလေးမြို့)

ကျပ်(၂၅) သိန်းတန် RAYMOND WEIL (Swiss Made) နာရီ ကံထူးရှင်

No. 12129 ကိုဇော်မြင့်ဦး (သန်လျင်မြို့)

ပထမဆု ကျပ် (၄) သိန်း ကျော်တန် Ogival နာရီ ကံထူးရှင် (၂၀) ဦး			
7728	[illegible]	11512	[illegible]
3694	[illegible]	0355	[illegible]
5796	[illegible]	11908	[illegible]
9156	[illegible]	7329	[illegible]
12197	[illegible]	11622	[illegible]
12196	[illegible]	5160	[illegible]
10473	[illegible]	7790	[illegible]
5703	[illegible]	12904	[illegible]
11383	[illegible]	6183	[illegible]
12329	[illegible]	8951	[illegible]

ဒုတိယဆု ကျပ် (၁) သိန်း ကျော်တန် Romanson နာရီ ကံထူးရှင် (၃၀) ဦး		
12606 - [illegible]	13170 - [illegible]	12173 - [illegible]
10085 - [illegible]	8356 - [illegible]	10483 - [illegible]
0343 - [illegible]	12410 - [illegible]	12338 - [illegible]
12318 - [illegible]	9506 - [illegible]	12695 - [illegible]
12055 - [illegible]	8402 - [illegible]	7955 - [illegible]
9375 - [illegible]	13118 - [illegible]	6610 - [illegible]
2224 - [illegible]	12072 - [illegible]	8988 - [illegible]
13213 - [illegible]	11490 - [illegible]	0700 - [illegible]
13175 - [illegible]	9976 - [illegible]	11464 - [illegible]
12762 - [illegible]	8966 - [illegible]	11062 - [illegible]

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၂၇၄)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်တစ်ဆက်တစ်စပ်တည်းရှိသည့်နောက်ဖေးဘက်အခြမ်းမြေအကျယ် အလျား ၁၈ ပေ × အနံ ပေ ၆၀ ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးစိုးဝင်း [၁၂/ပဘတ(နိုင်) ၀၀၃၈၇၅]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအပြည့်အစုံနှင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း
အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)
အမှတ်(၈၃)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၇၀၅၄၄၅၊ ၀၉ ၅၁၅၁၈၃၃

ဘေးအန္တရာယ်လျှော့ချရေး ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး(နည်းပြ)သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ပူးပေါင်းပါဝင်မှုဖြင့် ဘေးအန္တရာယ်လျှော့ချရေး ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး(နည်းပြ) သင်တန်း (တတိယအကြိမ်)ကို ဇူလိုင် ၁၇နှင့် ၁၈ ရက်များတွင် မင်္ဂလာမြန်မာ အစည်းအဝေးခန်းမ ဒဂုံတာဝါ (၁၁)ထပ်၌ ကျင်းပသည်။ ယင်းသင်တန်းသို့ ရန်ကုန်တိုင်းအတွင်းရှိအခြေခံပညာကျောင်း ၂၉ ကျောင်းမှ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

ကျောင်းဘေးအန္တရာယ် ကင်းရှင်းရေးကော်မတီများကို ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ၊ မိဘများပါဝင်ဖွဲ့စည်းပြီး မိမိကျောင်းနှင့် မိမိရပ်ရွာ၏ အန္တရာယ်များကို ဆန်းစစ်တတ်စေရန်နှင့် အန္တရာယ်ပြမြေပုံများ ရေးဆွဲတတ်စေရန် လည်းကောင်း၊ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးစီမံချက်များ၊ ဘေးအန္တရာယ် ကာကွယ်ရေး စီမံချက်များကို ရေးဆွဲထားပြီး မိမိတို့ကိုယ်တိုင် ကိုယ့်အားကိုယ်ကိုး အကောင်အထည်ဖော်ဆောင်ရွက်တတ်စေရန် လည်းကောင်း ရည်ရွယ်၍ သင်တန်းများ ပို့ချခြင်းဖြစ်သည်။ မင်္ဂလာမြန်မာ စတုတ္ထအကြိမ် သင်တန်းကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁ ရက်အထိ ဆက်လက်ပို့ချသွားမည်ဖြစ်သည်။

မင်္ဂလာမြန်မာ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး (နည်းပြ) သင်တန်းကို ရန်ကုန်တိုင်းအတွင်းရှိ အခြေခံကျောင်းပေါင်း ၂၀၀မှ ဆရာ၊ဆရာမ ၂၀၀အား သင်တန်းပို့ချသွားရန် စီစဉ်လျက်ရှိပြီး ယခုအချိန်အထိ မြို့နယ်ပေါင်း ၃၇မြို့နယ်မှ ကျောင်းပေါင်း ၁၀၆ ကျောင်းခန့် သင်တန်းပို့ချပေးခဲ့ပြီးဖြစ်သည်။

မင်္ဂလာမြန်မာ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး(နည်းပြ) သင်တန်းများကို စင်ကာပူအစိုးရနှင့် ပြည်သူများ၏ ပံ့ပိုးကူညီမှုဖြင့် သင်တန်းပို့ချခြင်းဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (၂-ဇူလိုင်/၂၀၁၀)ကို ဇူလိုင် ၃၀ရက် (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် Saba Inc, USA မှ Director of Product Management ဦးနေအောင်က "နည်းပညာ၏ အလားအလာများ" (Trends in Technology)ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ အလားတူ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၏ ဟောပြောပွဲများကို UMFCCI ၌ လစဉ် ပထမပတ် (စနေနေ့) မွန်းလွဲ ၂ နာရီနှင့် အခြားသင့်လျော်သော ရက်များတွင် ကျင်းပလျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် နယ်ပယ်စုံမှ စိတ်ပါဝင်စားသူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်လေ့ရှိသဖြင့်ဟောပြောပွဲကို Sponsor အဖြစ် ကူညီပံ့ပိုးမှုပြုလုပ်၍ မိမိတို့၏ကုန်ပစ္စည်းများကို ကြော်ငြာနိုင်ကြောင်းနှင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များသည် UMFCCI ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

လပွတ္တာမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် စိန်ရတုလမ်းနှင့် အောင်မင်္ဂလာလမ်းဆုံ၌ ရေမြောင်းတူးဖော်နေမှုကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်သူမင်း ဆောင်ရွက်ရာ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး မူကြိုကျောင်းဆောင်သစ် အလှူရှင်များအား ဂုဏ်ပြုအခမ်းအနား ကျင်းပ

တောင်ငူ ဇူလိုင် ၂၇

တောင်ငူမြို့ (၁၁)ရပ်ကွက် ကန်တော်အမက ကျောင်းဝင်းအတွင်း၌ ကျပ်သိန်း ၂၀ကျော်ကုန် ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောက်လုပ်ခဲ့သောရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး (ECD) မူကြိုကျောင်းဆောင်သစ် အလှူရှင်များအား ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီမှ ဂုဏ်ပြုပွဲကို ဇူလိုင် ၂၅ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျောင်းကော်မတီဝင်များ၊ ရယက အဖွဲ့ဝင်များ၊အလှူရှင်များနှင့်ဆရာ၊ဆရာမများ တက်ရောက်ကြပြီး ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သူ(နန်းသူဇာ-ပဲလှော်)၊ဒုတိယဥက္ကဋ္ဌ ဦးမျိုးငွေး (Ever Green)၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဟန်မင်းထွန်း၊ ကျောင်းအုပ်ဆရာမ ဒေါ်နွဲ့နွဲ့ဝင်း၊ ရပ်မိရပ်ဖ ဦးကြည်နှင့် အတွင်းရေးမှူး ဦးတင်ဦးတို့က အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြုစကားများ ပြောကြားကြပြီး ကျပ် ၂၅၀၀၀၀ မတည်အလှူရှင် Super Coffee ကုမ္ပဏီ ကိုယ်စား တောင်ငူဖြန့်ချိရေး တာဝန်ခံ ဦးဝင်းကျော်(သမာဓိ) **(အောက်ပုံ)**နှင့် ကျန်အလှူရှင်များအား ဖြစ်မြောက်ရေးကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အလှူရှင်များကိုယ်စား သတင်းထောက် ဦးကျော်လှ (သမာဓိ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ (၁၂၉)

တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော်   ဇူလိုင်   ၂၇

ကချင်ပြည်နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မူခင်းဖော်ထုတ်ဖမ်းဆီးရမိရေးလုပ်ငန်းများတွင် ထူးချွန်ဆုရရှိကြသူများအား တိုင်းမှူးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးကော့သောင်းမြို့ မြရည်ပုလဲလမ်းပေါ်ရှိ ကွန်ကရစ်ခင်းတံတား တည်ဆောက်နေမှုကို စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော်   ဇူလိုင်   ၂၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၇ ရက် ညနေပိုင်းတွင် ချမ်းမြသာစည်မြို့နယ်၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က အရိပ်ရ ခရေပင်များကို စိုက်ပျိုးပေးကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဖြည့်ဆည်းပေး

ထို့မှတစ်ဆင့် မြို့တော်ဝန်သည် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့အတွင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်မြို့နယ် မြို့မဈေးတွင် အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် ဈေးသူဈေးသားများက မြင်းကောင်ရေ ၂၅ ကောင်ရှိ ဒီဇယ်အင်ဂျင်တစ်လုံးကို ဇွန် ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ဈေးသူဈေးသားများကိုယ်စား ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောမြင့်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြတ်စိုးထံ လွှဲပြောင်းပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းနေ ဦးကျင်မောင်-ဒေါ်စိန်စိန်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ထာဝရဆွမ်း၊ ဆေး၊ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (သတင်းစဉ်)

မြင်းမူစည်ပင် မြို့တွင်းလမ်းအဆင့်မြှင့်တင်

မြင်းမူ   ဇူလိုင်   ၂၇

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပိတောက်လမ်း ပေ ၈၇၀ အား ဂျင်းလမ်း အမာခံအဖြစ် လမ်းခင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ-(၂) ဒေါ်သန်းသန်းတို့ ကြီးကြပ်ဆောင်ရွက်ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

မိုးညို၌ နှမ်းစံကွက် ရိတ်သိမ်း

မိုးညို   ဇူလိုင်   ၂၇

သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် မိုးကြိုရေသွင်းနှမ်းနှင့် မိုးနှမ်းစိုက်ဧကပေါင်း ၂၁၅၂၆ ဧက စိုက်ပျိုးရာ ငါးကယ်အုပ်စု အင်းဇလွဲကျေးရွာ တောင်သူကြီး ဦးသောင်းမြင့်၏ မိုးကြိုရေသွင်း နှမ်းစံပြစိုက်ခင်း ကွင်းအမှတ် (၉၄)၌ စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၇ ရက်က ကျင်းပသည်။

မိုးကြိုရေသွင်း နှမ်းစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမောင်၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ပြီး တစ်ဧက ၂၇ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ (၅၀၈)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်က ရေမြောင်းများအတွင်း အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းအား စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နှမ်းစပါးစံကွက်ရိတ်သိမ်းရေး ကွင်းဆင်းကြည့်ရှု

ချောင်းဦး   ဇူလိုင်   ၂၇

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ဝယာကျေးရွာအုပ်စု ဝယာကျေးရွာ တောင်သူဦးဝင်းငွေ၏ လယ်ယာမြေ၌ နှမ်းစပါး မနောသုခမျိုးစံကွက် ရိတ်သိမ်းပွဲကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်ဦးဆောင်သော မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များသည် တောင်သူဦးဝင်းငွေ၏ ကွင်းအမှတ်-၁၉၅၀၊ ဦးပိုင်အမှတ်-၃၆၃ရှိ နှမ်းစပါး မနောသုခမျိုးကို စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၁၁၁ ဒသမ ၂၉ တင်းထွက်ရှိကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ဇူလိုင် ၁၄ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းအတွက် စာရေးခုံတန်းရှည်နှင့် ထိုင်ခုံ ၁၀ စုံကို ဗိုလ်ချုပ်လမ်း (၂)ရပ်ကွက် ရွှေပြည်သာမြို့နယ်နေ အလှူရှင် ဒေါက်တာဦးစိန်တင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)-ဇနီး ဒေါ်ညွန့်ညွန့်ရွှေတို့က ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

ကျိုက်ခါး   ဇူလိုင်   ၂၇

ချင်းပြည်နယ် တွန်းဇန်မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၇ နာရီက ကျိုက်ခါး အထက ခန်းမဆောင်၌ ကျင်းပရာ တွန်းဇန်မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလျှန်းခန့်ဆွင်းက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်ခွဲကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်ပေါင်း ၂၀၃ ဦးတို့ တက်ရောက်ခဲ့ကြသည်။ (မြို့နယ်ပြန်/ဆက်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံးဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)"အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

အောင်မြင်ဖြစ်ထွန်းနေသော မိုးကြိုငွေချည်(၆) ဝါစိုက်ခင်း လေ့လာကြည့်ရှု

ဝက်လက်   ဇူလိုင်   ၂၇

ရွှေဘိုခရိုင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝင်း ဦးဆောင်၍ ရေဦးမြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်မန်နေဂျာများ၊ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပါဝင်သော လေ့လာရေးအဖွဲ့ဝင်များနှင့် ရွှေဘိုမြို့ စိုက်ပျိုးရေးသိပ္ပံမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီတင်နှင့် ဆရာ၊ ဆရာမများသည် ဇူလိုင် ၃ ရက်တွင် ဝက်လက်မြို့နယ် သမံသာကျေးရွာအုပ်စုရှိ ဝါစိုက်ဧက ၇၆ ဧကတို့တွင် အောင်မြင်ဖြစ်ထွန်းနေသော မိုးကြိုငွေချည်(၆)ဝါများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ (မြို့နယ်ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်း၏ စီမံခန့်ခွဲမှုဖြင့် ဒုတိယဦးစီးမှူး(သန့်ရှင်း)ဦးမြင့်လှိုင်နှင့် ကျန်းမာရေးမှူး-(၂) ဦးသက်လွင်တို့ ဦးဆောင်သောအဖွဲ့ အဖွဲ့ပိုင်ဈေးများ၊ ရုံးအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းကို ဇူလိုင် ၁၁ ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ဇူလိုင် ၁၄ ရက်က ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဦးမောင်မောင်စိန်(မန်နေဂျင်းဒါရိုက်တာ၊ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း)က ငါးသိန်းခြောက်ထောင်တန်ဖိုးရှိ ငွေနှင့်ဆေးဝါးများ လှူဒါန်းရာ ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

မိုးကောင်းမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မိုးကောင်း ဇူလိုင် ၂၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၁၀ ခုနှစ်ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီက အလက(ကံလှ) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးလွင်က ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ မဲဇလီ၊ စွယ်တော်၊ ခရေ၊ယူကလစ် ပျိုးပင်စုစုပေါင်း ၅၀၀တို့ကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုး ကြသည်။ (၄၉၉)

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒေါက်တာနေလင်းကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားစဉ်။ (ခရိုင်ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

မော်လမြိုင် ဇူလိုင် ၂၇

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၂ရက်က မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်မောင်က အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပို့ချပြီး **(အောက်ပုံ)**၊ ရဲတပ်ကြပ်ကြီးတင်လတ်၊ ဒုတိယရဲအုပ် အောင်နိုင်တို့က ရှင်းလင်းပြောကြားကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များအား ယာဉ်ထိန်း(တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေးက တာဝန်ခံ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်မောင်ထံ ပေးအပ်ခဲ့သည်။ (၁၀၇)

မျှောချောင်းတံတား

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝါးခုတ်ချောင်း-တောင်ဘဇာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မျှောချောင်းတံတား တည်ဆောက်နေမှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းနေလင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်တို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဝေ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းအတွင်း စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ တာဝန်ရှိသူတို့နှင့် တွေ့ဆုံ၍ လမ်းဘေး ဝဲ/ ယာအရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးရေး၊ မိုးရာသီရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများ အောင်မြင်အောင် အလေးထားဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ဆက်လက်၍ အဖွဲ့ပိုင်ပျိုးဥယျာဉ်ကို လည်းကောင်း၊ အဖွဲ့ပိုင်ဈေးကြီးကို လည်းကောင်း၊ မြို့အဝင် မင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ပစ္စည်းများ စုဆောင်းထားရှိမှုနှင့် အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ဆေးရုံဟောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတို့ကို လည်းကောင်း၊ အဖွဲ့ပိုင်ဝန်ထမ်းအိမ်ရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရေစီးရေလာကောင်းမွန်ရေး

ညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဘုရားကုန်းဈေးသစ်ကိုလည်းကောင်း၊ မြို့ရေပေးဝေလျက်ရှိသော နန်းတော်ရာရပ်ကွက် စက်ရေတွင်း အမှတ်(၁)နှင့် ရုံးကြီးရပ်ကွက် စက်ရေတွင်းများကိုလည်းကောင်း၊ ဆေးရုံဟောင်းလမ်းတွင် အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပဲခူးမြို့သို့ ရေဖြန့်ဝေပေးလျက်ရှိသည့် ကန်တော်ကြီး ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ကန်တော်ကြီးရေလှောင်ကန်၏ ကန်ဧရိယာမှာ ဧက ၁၄၀ ကျော်ရှိပြီး ပဲခူးမြို့ကို တစ်နေ့လျှင် ရေဂါလန် တစ်သန်း ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကဝမြို့ ရှမ်းကန်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၄ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြို့နယ် သတင်းများ

သစ်ပင်စိုက်ပျိုးပွဲ မင်းလှ၌ကျင်းပ

မင်းလှ ဇူလိုင် ၂၇

သာယာဝတီခရိုင် မင်းလှမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီကြီးကြပ်မှုဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပွဲကို ဇူလိုင် ၁၀ရက်က မင်းလှမြို့နယ် သရက်တပင်ကျေးရွာနန္ဒင်းဘုရားဝင်းအတွင်း၌ ကျင်းပရာ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအုန်းလွင်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက အပင် ၃၉၀စိုက်ပျိုးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** (မြို့နယ်ပြန်/ဆက်)

ကွင်းဆင်းစစ်ဆေး

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ မြို့နယ်လျှပ်စစ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဈေးကော်မတီဝင်များ ဈေးအတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ ဆက်လက် လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ လူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ကယားပြည်နယ်)က ၂၀၁၀ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ပါတီတည်ထောင်ခွင့် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ (၄၆)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၄၀)အနက် ပါတီ(၃၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘော်နီယိုကျွန်း သစ်တောများအတွင်း တပ်ဆင်ထားသော ထောင်ချောက်ကင်မရာများက မှတ်တမ်းတင်နိုင်ခဲ့သော အမွေးထူဖျံ။ (ဓာတ်ပုံ-အင်တာနက်)

အင်တာနက်သဘာဝပတ်ဝန်းကျင်သတင်း | ဘာသာပြန် - ငြိမ်းမောင် | အဆင်အပြင် - ကျော်စွာလင်း

ကမ္ဘာ့အရှားပါးဆုံးဖျံ ဘော်နီယိုကျွန်း သစ်တောများအတွင်း ရှာဖွေတွေ့ရှိ

ဂျကာတာ ဇူလိုင် ၂၇

ကမ္ဘာ့အရှားပါးဆုံး ဖျံတစ်ကောင်ကို အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်း သစ်တောများအတွင်း ပြန်လည်ရှာဖွေတွေ့ရှိရကြောင်း ဇူလိုင် ၂၇ ရက် သတင်းများတွင်ဖော်ပြသည်။ သစ်တောထိန်းသိမ်းရေးပညာရှင်များက သစ်တောအတွင်း တပ်ဆင်ထားသည့် ထောင်ချောက်ကင်မရာများက ယင်းဖျံကြီးကို ပြန်လည်မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

နှာခေါင်းတွင် အမွေးအမှင်များပေါက်နေသော ယင်းဖျံမျိုးစိတ်ကို အင်ဒိုနီးရှားနိုင်ငံ ဆာဘာပြည်နယ် သစ်တောထိန်းသိမ်းရေးဌာန၌ ပန်းချီပုံအဖြစ်သာ ယခင်က တွေ့မြင်နိုင်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

ရောဝတီတိုင်းအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

နေပြည်တော် ဇူလိုင် ၂၇

ဧရာဝတီတိုင်းတွင် ဇူလိုင် ၂၇ရက်အထိ မိုးစပါး ၃၁၄၅၄၉၈ ဧက စိုက်ပျိုးပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)